VERITÉ
Fair Labor. Worldwide.



# သစ်တောကဏ္ဍနှင့် သစ်တောနှင့်ဆက်စပ်ထိစပ်သောကဏ္ဍများ၌ လူကုန်ကူးခံရလွယ်မှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုတို့၏ ဆုံချက်များအား လေ့လာခြင်း

## မြန်မာပြည်မြောက်ပိုင်းရှိ ငှက်ပျောစိုက်ပျိုးမှုနှင့် တရားမဝင်သစ်ထုတ်လုပ်မှု ဖြစ်ရပ်မှန်လေ့လာချက်များ

This report was made possible through the generous support of the United States Department of State's Office to Monitor and Combat Trafficking in Persons (J/TIP). The opinions expressed herein are those of the author(s) and do not necessarily reflect the views of the United States Department of State.

Verité® provides the knowledge and tools to eliminate the most serious labor and human rights abuses in global supply chains.

Copyright © Verité 2020

VERITÉ
Fair Labor. Worldwide.

Verité, Inc.
44 Belchertown Road
Amherst, MA 01002 USA
verite.org

# အသိအမှတ်ပြုကျေးဇူးတင်လွှာ

ဤအစီရင်ခံစာသည် လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် စောင့်ကြည့်ရေးအလို့ငှာ အမေရိကန်ပြည်ထောင်စုနိုင်ငံခြားရေးဝန်ကြီးဌာနမှ ရက်ရောစွာထောက်ပံ့မှုဖြင့် အကောင်အထည်ဖော်နိုင်ခဲ့ခြင်းဖြစ်သည်။ ဤအစီရင်ခံစာတွင်ဖော်ပြထားသော စာရေးသူ(များ)၏ ထင်မြင်ချက်များသည် အမေရိကန်ပြည်ထောင်စုနိုင်ငံခြားရေးဝန်ကြီးဌာန၏ အမြင်များကို သေချာပေါက်ထင်ဟပ်စေသည်ဟု မဆိုလိုပါ။

ဤအစီရင်ခံစာကို ဦးဆောင်သုတေသနပြုသူ Max Travers မှ Joe Falcone နှင့်တွဲဖက်ရေးသားပါသည်။ မြေပြင်ဖြစ်ရပ်မှန်လေ့လာချက်များကို ကိုထွယ်အောင်ထိန်နန်နှင့် မယမင်းရွှေစင်တို့က ဆောင်ရွက်ခဲ့ပါသည်။ Alison Arbib မှ တည်းဖြတ်မှုပြုလုပ်ပါသည်။ Stephanie Leombruno က နောက်ကြောင်းရာဇဝင်လေ့လာမှုကိုဆောင်ရွက်ခဲ့ပြီး တွေ့ရှိချက်များကိုမှတ်သားမှုတွင် ကူညီခဲ့ပါသည်။ Lawrence David သည် အစီအရင်ခံစာ၏ ဒီဇိုင်းအပြင်အဆင်ကို ကိုင်တွယ်ခဲ့ပြီး Julie Brown နှင့် Carrie Schwartz တို့က ကွန်ပျူတာအချက်အလက်ထည့်သွင်းပြင်ဆင်မှုပြုလုပ်ခဲ့ပါသည်။ Erin Klett က ကြီးကြပ်ရေးတာဝန်ကိုယူခဲ့ပြီး ကျယ်ပြန့်သော ဦးဆောင်မှုကို စီမံခန့်ခွဲခဲ့ပါသည်။

ယခုအစီအရင်ခံစာသည် Verité ၏ မြန်မာပြည်မှကွင်းဆင်းလေ့လာသူများ၏ ကြိုးစားအားစိုက်မှုမပါဘဲ လုပ်ဆောင်နိုင်မည်မဟုတ်ပေ။ ထို့ပြင် ဤအစီရင်ခံစာသည် မရေမတွက်နိုင်သော အရပ်ဘက်အဖွဲ့အစည်းများ၏အားဖြည့်မှုများမှင်း၊ မိမိတို့၏အချိန်နှင့် အတွေ့အကြုံများကို မျှဝေပေးသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အလုပ်သမားရေးရာ အားပေးသူများ၏ အားဖြည့်မှုများမှင်း အကျိုးရရှိခဲ့ပါသည်။ နောက်ဆုံးအနေဖြင့် အရေးအကြီးဆုံး အခန်းကဏ္ဍမှပါဝင်ခဲ့သော အလုပ်သမားများအား မိမိတို့၏အချိန်ပေးကာ အတွေ့အကြုံနှင့် အမြင်များကို လေ့လာသူများနှင့်မျှဝေပေးခြင်းအတွက် အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

# နိဒါန်း

သစ်တောများသည် မြန်မာနိုင်ငံရှိ ကျေးလက်ပြည်သူများအဖို့ လွန်စွာမှ အရေးကြီးလှပါသည်။ သစ်တောများသည် လယ်ယာမြေကို ကာကွယ်၊စောင့်ရှောက်ပေးသည်။ အစားအသောက်နှင့် စိုက်ထင်းများကို ထောက်ပံ့ပေးပြီး သစ်တောကဏ္ဍ၌ အလုပ်များဖန်တီးပေးသည်။ သစ်တောပြုန်းတီးမှုအန္တရာယ်သည် ထိုသစ်တောများအတွက် အလွန်အရေးကြီးသည့်အခြေအနေရောက်နေပြီး မြန်မာနိုင်ငံသည် တစ်ကမ္ဘာလုံးဆိုင်ရာ သစ်တောပြုန်းတီးမှု တတိယအမြင့်ဆုံးနှုန်း၌ ရှိနေပေသည်။ နှစ်ပေါင်းများစွာကြာ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခတွေကြား အသက်ရှင်နေထိုင်ရမှု၊ ဆင်းရဲမွဲတေမှုနှင့် မြေယာမဲ့အခြေအနေမြင့်မားမှု (သို့မဟုတ်) ရွှေ့ပြောင်းနေထိုင်ရမှုနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများဖြင့် ရုန်းကန်နေရဆဲ ထွန်းသစ်စ ဒီမိုကရေစီစနစ်တို့ကြောင့် မြန်မာလူထုသည် အင်မတန်မှ ထိရှလွယ်သော ပြည်သူများဖြစ်ကြသည်။ မြန်မာနိုင်ငံရှိ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့် အဖက်ဖက်မှ လူသားများ ခုခံနိုင်စွမ်းကင်းမဲ့မှု အခြေအနေများကို ကောင်းမွန်စွာ မှတ်တမ်းတင် ထားရှိသော်လည်း၊ ယင်းအခြေအနေ(၂)ရပ်က တစ်ခုနှင့်တစ်ခု မည်သို့မည်ပုံ ပေါင်းစပ်၊ ဆုံချက်ဖြစ်နေကြောင်းကိုမူ နားလည်သဘောပေါက်မှု နည်းပါးကြသည်။

ဤအစီရင်ခံစာသည် မြန်မာပြည်မြောက်ပိုင်းရှိ ငှက်ပျောစိုက်ပျိုးမှုနှင့် တရားမဝင်သစ်ထုတ်လုပ်မှု လုပ်ငန်းများရှိ အလုပ်သမားရေးရာ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအရအန္တရာယ်ရှိမှုတို့၏ ဆုံချက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၌ ပြုလုပ်ခဲ့သော ဖြစ်ရပ်မှန်(၂)ခု လေ့လာချက်များမှ တွေ့ရှိချက်အကျဉ်းကို တင်ပြထားသည်။ ဤဖြစ်ရပ်မှန်လေ့လာချက်များကို ၂၀၁၈-၂၀၁၉ ခုနှစ်၌ Verité မှ တာဝန်ယူလုပ်ဆောင်ခဲ့သည့် စူးစမ်း၊လေ့လာဖော်ထုတ်သော သုတေသန စီမံချက်ကြီး၏ အစိတ်အပိုင်းအဖြစ် ပြုလုပ်ခဲ့သည်။ ပြုလုပ်ခဲ့ရသည့် ရည်ရွယ်ချက်မှာ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့် လူကုန်ကူးခံရလွယ်မှုအပြင် အခြားအလုပ်သမားဆိုင်ရာ ဖိနှိပ်အလွဲသုံးစားလုပ်မှုတို့အကြားရှိ ချိတ်ဆက်မှုများကို လေ့လာဆန်းစစ်နိုင်ရန် ဖြစ်သည်။ ယင်းချိတ်ဆက်မှုများကို ယခင်က ရှင်းလင်း၊မှတ်သားခဲ့ဖူးသော်လည်း ၊ ဆက်နွယ်မှု၏ သဘောသဘာဝနှင့် ယန္တရားအပေါ် အသေးစိတ်သုတေသနအခြေပြု လေ့လာခြင်းမျိုး မရှိသေးပါ။ ထို့ပြင် သဘာဝပတ်ဝန်းကျင်နယ်ပယ်နှင့် အလုပ်သမားရေးရာ နယ်ပယ်များအကြား ပူးပေါင်းဆောင်ရွက်နိုင်ခြေရှိခြင်းကို (သို့မဟုတ်) ပေါင်းစပ်လုပ်ဆောင်နိုင်ခြေရှိခြင်းကို လေ့လာဆန်းစစ်ခြင်းအပေါ် အသေးစိတ်သုတေသနအခြေပြု လေ့လာမှုမျိုးလည်း မရှိသေးပါ။ Verité ၏ စူးစမ်း၊လေ့လာဖော်ထုတ်သော သုနေသန၏ ရည်ရွယ်ချက်မှာ ဤချိတ်ဆက်နိုင်ခြေရှိမှုတို့ကို ပုံဆောင်ဖော်ပြနိုင်ရန် မတူညီသော ပထဝီနေရာဒေသများ၊ ကဏ္ဍများနှင့် နောက်ခံဆက်စပ်အခြေအနေများရှိ ဖြစ်ရပ်မှန်များအား လေ့လာကာ ယခုလို အသိပညာကွာဟချက် (knowledge gap) အား ကူညီဖြည့်ဆည်းပေးရန် ဖြစ်သည်။

ဤပြောင်းလဲ၊တိုးတက်၊ဖြစ်ပေါ်မှုများကို မြန်မာ့ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးနောက်ခံ အခြေအနေများထဲမှ အခြေခံကျကျ နားလည်သဘောပေါက်စေရန်၊ Verité သည် မြန်မာနိုင်ငံရှိ သစ်တောပြုန်းတီးမှုနှင့် ဆက်စပ်သော ကဏ္ဍ(၂)ရပ်၌ မူရင်းသုတေသနဆိုင်ရာဖြစ်ရပ်လေ့လာချက်များကို ပြုလုပ်ဆောင်ရွက်ခဲ့သည်။ ၎င်းတို့မှာ ကချင်ပြည်နယ်ရှိ ငှက်ပျောစိုက်ပျိုးမှုပုံစံဖြင့် လုပ်ကိုင်နေသည့် အကြီးစားစိုက်ပျိုးစီးပွားလုပ်ငန်းနှင့် အစိုးရထိန်းချုပ်နယ်မြေများအတွင်း တရားမဝင်သစ်ထုတ်လုပ်မှု လုပ်ငန်းများတို့ ဖြစ်ကြသည်။ ငှက်ပျောစိုက်ပျိုးမှုနှင့် တရားမဝင်သစ်ထုတ်လုပ်မှုလုပ်ငန်းများ၌ တွေ့ရှိရသည့် လုပ်ငန်းလုပ်ဆောင်မှုအခြေအနေများနှင့် သဘာဝပတ်ဝန်းကျင်အချက်များသည် တစ်ခုနှင့်တစ်ခု ကွဲလွဲမှုရှိသော်လည်း၊

ဖြစ်ရပ်လေ့လာမှု(၂)မျိုးစလုံး၌ ကျေးလက်နေပြည်သူများက အလားအလာကောင်းသော အလုပ်အကိုင် (သို့မဟုတ်) စားဝတ်နေရေးအခွင့်အလမ်း မရရှိခြင်း၊ ဆက်လက်အသက်ရှင်နိုင်ရေးအတွက် ကောင်းသောအလားအလာများကို ဟန့်တား၊ကန့်သတ်နေသည့် သစ်တောဆုံးရှုံးမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှု ရှိသည့် လူမှုအသိုင်းအဝိုင်း၌ နေထိုင်နေရခြင်း (သို့မဟုတ်) ယင်းလူမှုအသိုင်းအဝိုင်းသို့ ရွှေ့ပြောင်းနေထိုင်ရခြင်းနှင့် အသေးစားလယ်ယာမြေလုပ်ကိုင်ရခြင်းတို့ ပါဝင်ပတ်သက်နေသည်။ အခြားနည်းလမ်းဖြင့် အသက်မွေးမှုမပြုလုပ်နိုင်ခြင်းက ဒေသအတွင်းရှိလုပ်သားများအား ဆိုးရွားသည့် လုပ်ငန်းခွင်အခြေအနေရှိသော အလုပ်များကို လက်ခံလုပ်ဖို့ တွန်းပို့သည်။ ယင်းသို့ လက်ခံလုပ်ဆောင်မှုက သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို ထပ်မံ ပံ့ပိုးပေးလျက်ရှိသည်။ သို့မဟုတ် အခြားဒေသများသို့ဖြစ်စေ နိုင်ငံများသို့ဖြစ်စေ ရွှေ့ပြောင်းနေထိုင်လာအောင် တွန်းအားပေးလျက်ရှိပြီး ယင်းဒေသ၊နိုင်ငံများတွင် ခေါင်းပုံဖြတ်ခံရမှုကို ဆက်လက်တွေ့ကြုံကြရသည်။


VERITÉ
Fair Labor. Worldwide.

# သုတေသနပြုစုနည်းနှင့် အနက်ဖွင့်ဆိုချက်များ

Verité ၏ ဖြစ်ရပ်မှန်လေ့လာချက်များတွင် ပညာရပ်စာပေများ၊ အစိုးရအစီရင်ခံစာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း အစီရင်ခံစာများ၊ ယခင်လေ့လာချက်များအား ကိန်းဂဏန်းစာရင်းဇယားအရ ခွဲခြမ်းစိတ်ဖြာမှုများ အပါအဝင် စာပေအထောက်အထားများကို ပြန်လည်လေ့လာမှုများ ပါဝင်ခဲ့သည်။ ငှက်ပျောစိုက်ပျိုးမှု ဖြစ်ရပ်မှန်လေ့လာချက်အတွက် ကွင်းဆင်းသုတေသနပြုခြင်းကို ကချင်ပြည်နယ်အပေါ် အဓိကထား၍ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်များသို့ သွားရောက်ကွင်းဆင်းကာ ၂၀၁၉ မတ်လမှ ဖေဖော်ဝါရီလကြားနှင့် ၂၀၁၉ စက်တင်ဘာလမှ နိုင်ဝင်ဘာလအကြား အဓိက ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ ဝိုင်းမော်မြို့နယ်ရှိ မတူညီသော စိုက်ခင်း (၉)ခုကို ကိုယ်စားပြုသည့် ဤဖြစ်ရပ်မှန်လေ့လာချက် အစိတ်အပိုင်းအဖြစ် ငှက်ပျောစိုက်ခင်း လုပ် စုစုပေါင်း(၁၈)ဦးကို လူတွေ့မေးမြန်းခဲ့သည်။

တရားမဝင် အသေးစားသစ်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ဖြစ်ရပ်မှန် လေ့လာချက်အတွက် ကွင်းဆင်းသုတေသနပြုခြင်းကို ၂၀၁၉ မတ်လနှင့် ဖေဖော်ဝါရီလအကြား ပြုလုပ်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအတွင်းရှိ မတူညီသော မြို့နယ် (၃) မြို့နယ်သို့ သွားရောက်ကွင်းဆင်းခဲ့သည်။ ယင်းမြို့နယ်များမှာ- စစ်ကိုင်းတိုင်းရှိ ထီးချိုင့်မြို့နယ်နှင့် ကသာမြို့နယ်၊ ရှမ်းပြည်နယ်ရှိ နောင်ချိုမြို့နယ် တို့ဖြစ်ကြသည်။ ဤဖြစ်ရပ်မှန်လေ့လာချက်၏ အစိတ်အပိုင်းအဖြစ် အလုပ်သမား စုစုပေါင်း (၁၁)ဦးကို လူတွေ့မေးမြန်းခဲ့ပါသည်။ ၎င်းတို့မှာ ကချင်ပြည်နယ်ရှိ မိုးညှင်းနှင့် မြစ်ကြီးနားမြို့နယ်များမှ ကွင်းဆင်းသုတေသနပြုလုပ်စဉ်အတွင်း လူတွေ့မေးမြန်းခဲ့သည့် အလုပ်သမား (၉)ဦးနှင့် ၂၀၁၈၊နိုင်ဝင်ဘာလ၌ လူတွေ့မေးမြန်းခဲ့သည့် အလုပ်သမား (၂)ဦး အသီးသီးဖြစ်ကြပါသည်။




အစီရင်ခံစာအတွက်ပြုလုပ်သော သုတေသနလုပ်ငန်းစဉ် အစိတ်အပိုင်းအဖြစ် ပတ်သက်စပ်ဆိုင်သော ကျွမ်းကျင်ပညာရှင် စုစုပေါင်း (၇၂) ဦးနှင့် ဆွေးနွေး၊ တိုင်ပင်ကာ အကြံဉာဏ်ရယူခဲ့သည်။ ပတ်သက်စပ်ဆိုင်သူ (Stakeholders) များသည် မျှတသော ဆန့်ကျင်ဘက်အမြင်သဘောထားများကို ထင်ဟပ်ခဲ့ကြသည်။ ပတ်သက်စပ်ဆိုင်သူ (Stakeholders) များဟုဆိုရာ၌ အရပ်ဘက်လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များအပါအဝင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လယ်ယာမြေစီမံခန့်ခွဲရေးနယ်ပယ်မှ တက်ကြွလှုပ်ရှားသူများ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး၊ အလုပ်သမားရေးရာ၊ ရွှေ့ပြောင်းအလုပ်သမား၊ လူ့အခွင့်အရေးနှင့် ဌာနေတိုင်းရင်းသားအခွင့်အရေးနယ်ပယ်မှ တက်ကြွလှုပ်ရှားသူများ၊ သဘာဝပတ်ဝန်းကျင်နှင့် လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းနယ်ပယ်များမှ တက်ကြွလှုပ်ရှားသူများတို့ ပါဝင်သည်။ အလုပ်သမားသမဂ္ဂများနှင့် အခြားသော အလုပ်သမားအခြေပြုအဖွဲ့အစည်းများ၊ အလုပ်သမားရေးရာ၊ လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ကဲ့သို့သော ဘာသာရပ်နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များလည်း ပါဝင်ကြသည်။

အသုံးပြုထားသည့် အချက်အလက်များမှာ အဓိကအားဖြင့် အရည်အသွေးအခြေပြုဖြစ်နေပြီး ကိုယ်စားပြုလူအုပ်စုတစ်ချို့ကို ဆုံးဖြတ်ရွေးချယ်သည့်နမူနာကို အသုံးပြုထားသောကြောင့်၊ တွေ့ရှိချက်များသည် အမျိုးသားအဆင့်၌ (သို့မဟုတ်) အခန်းကဏ္ဍလိုက် အဆင့်၌ ကိုယ်စားမပြုပါ။ ယခုလို အလျင်အမြန် ဆန်းစစ်၊ သုံးသပ်၊ အကဲဖြတ်ရခြင်းသည် အလုပ်သမားရေးရာ ချိုးဖောက်မှုများ ပျံ့နှံ့လျက်ရှိကြောင်းကို အဆုံးအဖြတ်ပေးရန် မရည်ရွယ်ဘဲ ခရေစေ့တွင်းကျ၊ နက်နက်ရှိုင်းရှိုင်း ထပ်မံ၍ သုတေသနပြုလုပ်ရဦးမည့် အရဲစွန့်ရမှုများကို ဖော်ထုတ်ရန်သာ ဖြစ်ပါသည်။

Verité သည် ၎င်း၏ လူကုန်ကူးမှု အနက်ဖွင့်ဆိုချက်ကို ၂၀၀၀ ခုနှစ်၊ ကုလသမဂ္ဂ၏ လူကုန်ကူးမှု-အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များအား လူကုန်ကူးမှု- တားဆီး၊နှိမ်နင်း၊ ပြစ်ဒဏ်ပေးရေး ပရိုတိုကော အပေါ်အခြေခံထားသည်။ ယင်းပရိုတိုကောကို ပါလာမို ပရိုတိုကော (Palermo Protocol) ဟုလည်း ခေါ်ဝေါ်သည်။ ဤပရိုတိုကောတွင် အဓမ္မခိုင်းစေမှုပါဝင်သည့် နိုင်ငံတကာ အသိအမှတ်ပြု လူကုန်ကူးမှုအနက်ဖွင့်ဆိုချက် ပါရှိသည်။ Verité သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ သဘောတူစာချုပ် ၂၉တွင် ပြဋ္ဌာန်းထားသည့် အဓမ္မအလုပ်ခိုင်းစေမှု အနက်ဖွင့်ဆိုချက်ပေါ်တွင်လည်း အမှီသဟဲပြုထားသည်။ အနက်ဖွင့်ဆိုချက်တွင် အဓမ္မအလုပ်ခိုင်းစေမှုဆိုသည်မှာ "လူပုဂ္ဂိုလ်တစ်ဦးဦးအား ပြစ်ဒဏ်တစ်ရပ်ရပ် ခံရမည်ဟု ခြိမ်းခြောက်ကာ အတင်းလုပ်ဆောင်စေသော အလုပ်အားလုံး (သို့မဟုတ်) ဝန်ဆောင်မှုအားလုံးကိုသော်လည်းကောင်း၊ အဆိုပါလူပုဂ္ဂိုလ်မှ မိမိဆန္ဒအလျောက် လုပ်ကိုင်လိုကြောင်း ကမ်းလှမ်းမှုမရှိသည့် အလုပ်အားလုံး (သို့မဟုတ်) ဝန်ဆောင်မှုအားလုံး"ကိုသော်လည်းကောင်း ကိုဆိုလိုသည်။ နောက်ဆုံးအနေဖြင့်၊ အဓမ္မခိုင်းစေမှု၏ အန္တရာယ်နှင့် ယင်းအန္တရာယ်ကို ပံ့ပိုးဖြစ်ပေါ်စေသည့် အဓိကကျင့်သုံးမှုများကို သုံးသပ်နိုင်ရန်၊ အရိပ်လက္ခဏာတစ်ချို့ကို အဓိကဖော်ပြသည့် ILO၏ မကြာသေးမီက လမ်းညွှန်ချက်များ အသုံးပြုကာ Verité သည် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO)၏ အဓမ္မခိုင်းစေမှုဆိုင်ရာ အရိပ်လက္ခဏာများ တည်ရှိမှုအတွက် ခွဲခြမ်းစိတ်ဖြာမှုပြုခဲ့သည်။ ယင်းအရိပ်လက္ခဏာတစ်ချို့သည် အဓမ္မအလုပ်ခိုင်းစေမှု၏ အဓိကကျသော အစိတ်အပိုင်း (၂)ရပ်ဖြစ်သည့် မိမိဆန္ဒအလျောက်မဟုတ်သောအလုပ်နှင့် ခြိမ်းခြောက်မှု(သို့မဟုတ်) ပြစ်ဒဏ်ခံရမည်ဟု ခြိမ်းခြောက်ခြင်း အခြေအနေများကို အကြောင်းခံစေနိုင်သည်။ / အဓမ္မခိုင်းစေမှု အရိပ်လက္ခဏာများနှင့် ပတ်သက်၍ သတင်းအချက်အလက် ပိုမိုသိရှိလိုပါက ဤthis link နေရာတွင် ကြည့်ပါ။



VERITÉ
Fair Labor. Worldwide.

# ဖြစ်ရပ် လေ့လာမှု

## ကချင်ပြည်နယ်ရှိ ငှက်ပျောစိုက်ပျိုးမှု၌ အလုပ်သမားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်များ

### အလုပ်သမားများ၏ လူမှုပထဝီ

အလုပ်သမားများ၊ ရပ်ကွက်နေပြည်သူများနှင့် အရပ်ဘက်လူမှုအသိုင်းအဝိုင်းများအား လူတွေ့မေးမြန်းချက်များအရ၊ ဝိုင်းမော်မြို့နယ်ရှိ ငှက်ပျောစိုက်ပျိုးမှု၏ အလုပ်သမားအင်အားသည် မူလဇာတိမြေအားဖြင့်သော်လည်းကောင်း၊ တိုင်းရင်းသားဖြစ်တည်မှုအားဖြင့်သော်လည်းကောင်း၊ ကျား-မ ဖြစ်တည်မှုအရသော်လည်းကောင်း ကွဲပြားသည်ကို တွေ့ရသည်။ အမျိုးသားအလုပ်သမားနှင့် အမျိုးသမီးအလုပ်သမား (၂) မျိုးလုံးသည် စိုက်ပျိုးခင်း၌ ရှိနေကြသည်။ အလုပ်သမားအများစုမှာ ကချင်ပြည်နယ်ပြင်ပမှ လာရောက်လုပ်ကိုင်ကြသော်လည်း၊ ဝိုင်းမော်မြို့နယ်မှ ဒေသခံပြည်သူများလည်း စိုက်ပျိုးမှုအတွက် အလုပ်သမားအဖြစ် ဝင်ရောက်လုပ်ကိုင်နေကြကြောင်း လူတွေ့မေးမြန်းရာတွင် ဖြေကြားခဲ့သည့် ဒေသခံများနှင့် အလုပ်သမားများကိုယ်တိုင်က အတည်ပြုပြောကြားခဲ့သည်။ ယင်းအပြင် ငှက်ပျောစိုက်ပျိုးမှုလုပ်ငန်းသည် ကချင်ပြည်နယ်ရှိ ပဋိပက္ခကြောင့် ပြည်တွင်းနေရပ်တိမ်းရှောင်နေသူ(IDPs) များကိုလည်း အလုပ်ခန့်အပ်ထားသည်။ တစ်ချို့သော ပြည်တွင်းနေရပ်တိမ်းရှောင်သူ (IDPs) များကို ဝိုင်းမော်ရှိ ငှက်ပျောစိုက်ခင်းနေရာများမှ ဖယ်ရှားထားသော်လည်း၊ ပုံမှန်အားဖြင့် IDP စိုက်ခင်းအလုပ်သမားများမှာ ပဋိပက္ခအကျိုးဆက်ခံရသည့် ကချင်ပြည်နယ်၏ အခြားဒေသများမှ ဖြစ်ကြသည်။ ဤနေရာ၌ သုံးသော "ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ" ဟူသည့် ဝေါဟာရသည် စားဝတ်နေရေး ရှာဖွေရန် စသည့် အကြောင်းပြချက်များကြောင့် မိမိတို့၏ ကိုယ်ပိုင်စိတ်သဘောဖြင့် မြန်မာပြည်အတွင်းရှိ နေရာသစ်သို့ရွှေ့ပြောင်း လုပ်ကိုင်သော အလုပ်သမားများကို ဆိုလိုသည်။

WORKERS PACKAGE BANANAS FOR EXPORT TO CHINA



ပြည်တွင်းနေရပ်တိမ်းရှောင်သူ (IDPs)များ ဆိုသည်မှာ ပဋိပက္ခကြောင့် ကချင်ပြည်နယ်ရှိ ၎င်းတို့၏မြေများကို စွန့်ခွာ၍ ထွက်ပြေးလာသူများကို ဆိုလိုသည်။ ငှက်ပျောစိုက်ခင်း လုပ်သားအင်အားအများစုမှာ မြန်မာပြည်မှ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူနှင့် ကချင်ပြည်နယ်ပြင်ပမှ လာရောက်သူများ ဖြစ်ကြသည်။

Verité သည် ငှက်ပျောစိုက်ခင်းများ၌ရှိသော မတူညီသောအလုပ်သမား အမျိုးအစားများစွာကို ဖော်ထုတ်ခဲ့သည်။ အမြဲတမ်းအလုပ်သမားများ၊ နေ့စားအလုပ်သမားများ၊ ရာသီစားအလုပ်သမားများနှင့် ဘာသာပြန်ကဲ့သို့သော ကျွမ်းကျင်အလုပ်သမားများ ဖြစ်ကြသည်။ ယင်းဖြစ်ရပ်လေ့လာချက်တွင် အမြဲတမ်းအလုပ်သမား၊ နေ့စားအလုပ်သမားများနှင့် ရာသီစားအလုပ်သမားများ လုပ်ကိုင်နေရသော လုပ်ငန်းခွင်အခြေအနေများကို အလေးထားဖော်ပြခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဤအလုပ်သမားများသည် ငှက်ပျောစိုက်ပျိုးရာတွင် ပြင်းထန်သောအလုပ်များကို လုပ်ကိုင်ရသောကြောင့် ဖြစ်သည်။ ယနေ့ချိန်ထိ၊ ဝိုင်းမော်မြို့နယ်ရှိ ငှက်ပျောစိုက်ပျိုးမှု၌ ပါဝင်လုပ်ကိုင်နေသော အလုပ်သမားအရေအတွက်နှင့်ပတ်သက်၍ တရားဝင်ခန့်မှန်းချက်များ မရရှိသေးပါ။ သို့သော်လည်း အလုပ်သမားများ သောင်းနဲ့ချီ ရှိသည်ဟု Verité က ခန့်မှန်းထားသည်။

ဇယား ၁။ ငှက်ပျောစိုက်ပျိုးမှု ကဏ္ဍရှိ အလုပ်သမား အမျိုးအစား

| အလုပ်သမား အမျိုးအစား | လူမှု ပထဝီ | လုပ်အားခ ပေးစနစ် | လုပ်အားခ ဖြတ်တောက်မှု ကြုံတွေ့ရခြင်း | လုပ်ငန်းတာဝန်များ |
|---|---|---|---|---|
| အမြဲတမ်းအလုပ်သမား | ကချင်ပြည်နယ်ပြင်ပမှ ဆိုလျှင် အဓိကအားဖြင့် ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြည်တွင်းရွှေ့ပြောင်း အလုပ်သမားများဖြစ်ကြပြီး ဒေသခံအလုပ်သမားများနှင့် ကချင်တိုင်းရင်းသား IDPs တစ်ချို့လည်း ရှိကြသည်။ | တစ်နှစ်ပတ်လည်လုံးအလုပ်လုပ်ကြရပြီး ၁၀ လတာ ထွန်ယက်စိုက်ပျိုးသည့်ကာလပြီးဆုံးသောအခါ စိုက်ပျိုးပင်အရေအတွက်နှင့် သတ်မှတ်မြေကွက်ပေါ်ရှိ စိုက်ပျိုးပင်အလေးချိန်ပေါ် အခြေခံကာ ၎င်းတို့၏ နှစ်စဉ်လုပ်အားခကို ရရှိကြသည်။ ထို့ပြင် လစဉ် အစားအသောက် ထောက်ပံ့ကြေးကိုလည်း ရကြသည်။ | နေ့စားအလုပ်သမားဖိုး ပိုးသတ်ဆေး/ပေါင်းသတ်ဆေး တန်ဖိုး၊ အပင်ဆုံးရှုံးမှု၊ စည်းကမ်းမလိုက်နာမှု ပြစ်ဒဏ် | မြေလှန်ပြင်ဆင်ခြင်း၊ သစ်ပင်၊ခြုံပုတ်များ ရှင်းလင်းခြင်း၊ ရေလောင်းခြင်း၊ အပင်စိုက်ပျိုးခြင်း၊ ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးသုံးစွဲခြင်း၊ ပေါင်းရှင်းခြင်းနှင့် ရိတ်သိမ်းခြင်း စသည်တို့အပါအဝင် ခွဲတမ်းမြေကွက်ပေါ် ထွန်ယက်စိုက်ပျိုးမှုဆိုင်ရာ လုပ်ငန်းတာဝန်အားလုံး |

| | | | | |
|---|---|---|---|---|
| ရာသီစား အလုပ် သမား | ရာသီစား အလုပ်သမားများသည် များသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီးမှ လာရောက်ကြသည်။ ဤအလုပ်သမားများမှာ ၎င်းတို့၏ ရာသီစိုက်ခင်းသိမ်းချိန်အတွင်း ယာယီအလုပ်ရှာဖွေနေသော လယ်သမားများ (သို့မဟုတ်) လယ်ယာလုပ်သားများ ဖြစ်ကြလေ့ရှိသည်။ | နှစ်တစ်နှစ်ရဲ့ ပြင်းထန်စွာ လုပ်ရသောအချိန် (ဥပမာ- ဆွတ်ခူး၊ရိတ်သိမ်းချိန်) အတွင်း လုပ်ကြရသည်။ နေ့တစ်နေ့ကုန်ရင် နေ့တွက်ခ ရကြသည်။ တစ်ခါတစ်ရံ ပုတ်ပြတ်နှုန်းဖြင့် ရကြသည်။ | စည်းကမ်း မလိုက်နာမှု အတွက် ပြစ်ဒဏ် | ဆွတ်ခူးရိတ်သိမ်းခြင်းနှင့်စပ်ဆိုင်သည့် လုပ်ငန်းတာဝန်များ ဖြစ်သော ဆွတ်ခူးရိတ်သိမ်းခြင်းနှင့် ထုတ်ပိုးရာနေရာသို့ ငှက်ပျောသီးများကို သယ်ဆောင်ခြင်း၊ ဓာတုဆေးရည်စိမ်ခြင်း၊ ထုတ်ပိုးခြင်းနှင့် ငှက်ပျောကားကြီးများအပေါ် တင်ခြင်း။ |
| နေ့စား အလုပ် သမား | အနီးအနားရွာများမှ ဒေသခံများ ဖြစ်ကြသည်။ ရံဖန်ရံခါ ကချင် လူမျိုး စစ်ရှောင် များက ဤစနစ်တွင် လုပ်ကိုင်ကြသည်။ | နေ့တစ်နေ့ ကုန်လျှင် နေ့တွက်ခ ရကြသည်။ နေ့စားအလုပ်သမားများ၏ လုပ်အားခကို အမြဲတမ်းအလုပ်သမားများ၏ နှစ်စဉ်လုပ်အားခထဲမှ ပုံမှန်အားဖြင့် ဖြတ်တောက်လေ့ရှိသည်။ | စည်းကမ်း မလိုက်နာမှု ပြစ်ဒဏ်+ | အမြဲတမ်း အလုပ်သမားများ မလုပ်ဆောင်နိုင်သော လုပ်ငန်းတာဝန်များကို ပြီးမြောက်အောင် လုပ် ဆောင်ရသည်။ ပေးအပ်တာဝန်များတွင် အမြဲတမ်းအလုပ်သမားများမှ ပုံမှန်အားဖြင့် တာဝန်ယူလုပ်ဆောင်လေ့ရှိသည့် လုပ်ငန်းတာဝန်များ ပါဝင်နေနိုင်သည်။ |


VERITÉ
Fair Labor. Worldwide.

## တွေ့ရှိချက်များ အကျဉ်း

ကချင်ပြည်နယ်ငှက်ပျောစိုက်ပျိုးမှု ကဏ္ဍ၌ Verité ၏ ကွင်းဆင်းသုတေသနဆောင်ရွက်ချက်သည် အလုပ်သမားများအကြား ခေါင်းပုံဖြတ်လုပ်ငန်းခွင်အခြေအနေအမျိုးမျိုး ရှိနေကြောင်းကို တွေ့ရှိခဲ့သည်။ ယင်းအခြေအနေများအနက် တစ်ချို့မှာ အဓမ္မအလုပ်ခိုင်းစေမှု အရိပ်လက္ခဏာများ ကို ညွှန်းပြနေခဲ့သည်။ အလုပ်ခန့်ထားရေးသဘောတူစာချုပ်နှင့် သက်ဆိုင်သော မြန်မာနိုင်ငံ၏ အလုပ်သမားရေးရာ ဥပဒေများကို ချိုးဖောက်နေမှု၊ အလုပ်အကိုင်နှင့်ဆက်စပ်၍ လုံခြုံရေးနှင့် ကျန်းမာရေးဆိုင်ရာ ချိုးဖောက်မှု၊ အနိမ့်ဆုံးလုပ်အားခ၊ အလုပ် လုပ်ချိန်၊ လုပ်အားခမဖြတ်သော နားနေခွင့် အစရှိသည့်အခွင့်အရေးများကို ချိုးဖောက်နေကြောင်းကိုလည်း တွေ့ရှိခဲ့သည်။ တွေ့ရှိချက်များကို အောက်ပါအတိုင်းဖော်ပြထားပြီး အဓမ္မအလုပ်ခိုင်းစေမှုအရိပ်လက္ခဏာများနှင့် စပ်လျဉ်း၍ တွေ့ရှိချက်များကို ဇယား (၂)၌ အကျဉ်းချုပ်ဖော်ပြထားပါသည်။

- → ငှက်ပျောစိုက်ပျိုးမှုအတွက် အလုပ်သမားများကို လမ်းကြောင်းပေါင်းစုံမှ ခေါ်ယူ၊ ငှားရမ်း ကြသည်။ လူတွေ့မေးမြန်းသူများအနက်၊ လူတွေ့မေးမြန်းခံ အလုပ်သမားများဖြေကြားရာတွင် တိုက်ရိုက်ငှားရမ်းကြောင်းနှင့် ပွဲစားမှတဆင့် ငှားရမ်းကြောင်း ဆိုသည်။ ပွဲစားသုံး၍ ငှားရမ်းသည်မှာ ရှိသော်လည်း ရှားပါးကြောင်း ဖြေကြားခဲ့သည်။ လူတွေ့မေးမြန်းခဲ့သူ (၁၈) ဦးအနက် (၁၅)ဦးမှဖြေကြားရာတွင် ၎င်းတို့ အလုပ်ရရှိရန် ကုမ္ပဏီမှစီမံခန့်ခွဲရေးနှင့် တိုက်ရိုက်ချိတ်ဆက် ရယူခဲ့ကြောင်း ဆိုသည်။ ထိုသို့ချိတ်ဆက် အလုပ်ရနိုင်ကြောင်းကို သူငယ်ချင်းများ၊ မိသားစုဝင်များ (သို့မဟုတ်) အသိမိတ်ဆွေများထံမှတဆင့် အလုပ်အကိုင်အခွင့်အလမ်းကို ကြားသိရကြောင်း ဆိုကြသည်။

- → အလုပ်သမားခေါ်ယူရေး (သို့မဟုတ်) ငှားရမ်းရေး ယန္တရားနှင့် မဆိုင်စေဘဲ အလုပ်သမားများကို ၎င်းတို့၏ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များအား အသိပေးအကြောင်းကြားရာတွင် အလုပ်ရှင်များဘက်မှ လိမ်လည်လှည့်ဖြားသည့် သက်သေသာဓကများကို Verité ၏သုတေသနက တွေ့ရှိခဲ့သည်။ အလုပ် စတင်မလုပ်ဆောင်မီ ၎င်းတို့လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များအကြောင်းကို ကြေလည်၊ကောင်းမွန်စွာ အသိပေး၊အကြောင်းခြင်း မရှိဟု အမြဲတမ်းအလုပ်သမားများအားလုံးက ဆိုသည်။ ထွန်ယက်စိုက်ပျိုးခြင်းနှင့် ဆွတ်ခူးရိတ်သိမ်းချိန် ၁၀ လတာအချိန်ကာလပြီးဆုံးမှသာ ၎င်းတို့၏ နှစ်စဉ်လုပ်အားခအလုံးအရင်း ရရှိကြသည့် လူတွေ့မေးမြန်းခံ အမြဲတမ်းအလုပ်သမားများသည် ၎င်းတို့ အမှန်တကယ်ထိုက်ထိုက်တန်တန် ရရှိရမည့် လုပ်အားခ စုစုပေါင်းတွင် လိမ်လည်လှည့်ဖြားမှုများ ရှိကြောင်း ဆိုကြသည်။

- → စိုက်ပျိုးခင်းများ၌ အလုပ်ချိန်နှင့် လုပ်အားခစီစဉ်ပေးမှုများနှင့်စပ်လျဉ်း၍ ကြာညောင်းလှသော အလုပ် လုပ်ချိန်၊ သဘောတူခွင့်ပြုချက်မယူဘဲ ရင့်သီးကြမ်းတမ်းစွာ အချိန်ပိုလုပ်ခိုင်းခြင်း၊ ငွေကြေးဆိုင်ရာ ပြစ်ဒဏ်ပေးခြင်း၊ လုပ်အားခ ဖြတ်တောက်ခြင်းများနှင့် နှစ်ကုန်၌ လုပ်အားခမပေးဘဲ ထိန်ချန်ထားခြင်း








VERITÉ
Fair Labor. Worldwide.

စသည့်အခြေအနေများတစ်ပြိုင်တည်းကျရောက်ခြင်းသည် အလုပ်သမားများမှ ၎င်းတို့၏ အလုပ်စာချုပ်များအား လွပ်လပ်စွာ အဆုံးသတ်ခွင့် မရှိသော အခြေအနေများကို ဖြစ်ပေါ်စေသည်။ ငှက်ပျောစိုက်ပျိုးမှု၌ ကျင့်သုံးသည့် လုပ်အားခစနစ်ဖြစ်သော ၁၀ လတာအချိန်ကာလပြီးဆုံးမှတာ အမြဲတမ်းအလုပ်သမားများက ၎င်းတို့၏လုပ်အားခအများစုကို ရရှိခြင်းနှင့် နှစ်တစ်လျှောက် များစွာသောလုပ်အားခ ဖြတ်တောက်ခံရမှုများရှိခြင်းတို့သည် အလုပ်သမားများကို ခေါင်းပုံဖြတ်ခံအလုပ်လုပ်ရသော အခြေအနေများ (ဥပမာ-အလွန်အကျွံ အချိန်ပိုအလုပ်ဆင်းရခြင်းနှင့် လွပ်လပ်စွာသွားလာခွင့် မရှိခြင်း)တို့ကို အတင်းလက်ခံလိုက်ရစေသည့် သက်ရောက်မှုအား ဖြစ်ပေါ်စေလေသည်။ အမြဲတမ်းအလုပ်သမားများ၌ ရွေးချယ်စရာအနည်းငယ်သာရှိရုံမျှလွဲ၍ ဆွတ်ခူးရိတ်သိမ်းချိန်ပြီးဆုံးသည်အထိ စိုက်ပျိုးခင်း၌ နေကြရသည်။ အဘယ်ကြောင့်ဆိုသော် မပြီးဆုံးခင် ထွက်သွားပါက ၎င်းတို့၏ နှစ်စဉ်လုပ်အားခကို လက်လွှတ်၊ဆုံးရှုံးရမည် ဖြစ်သည်။

ဖြတ်တောက်ခြင်းနှင့် ငွေကြေးပြစ်ဒဏ် များသည် နဂိုကတည်းကမှ နည်းလှသော လုပ်အားခများကို ထပ်မံ လျော့ကျစေပြီး အားနည်းချက်များကို ပိုဆိုးစေပါသည်။ အမြဲတမ်းအလုပ်သမားများထံမှ အချိန်ပို အလွန်အကျွံ မရမနေဆင်းလာအောင် နေ့စားအလုပ်သမားအတွက် ပေးရန်လိုအပ်သည့် လုပ်အားခကို ဖြတ်တောက်နှုတ်ယူသည့် ခြိမ်းခြောက်မှုအား အသုံးပြုခဲ့ကြသည်။ ထို့အပြင်၊ အမြဲတမ်းအလုပ်သမားများသည် ပေါင်းသတ်ဆေးနှင့် ပိုးသတ်ဆေးစရိတ်များကို ကုန်ကျခံရသည်။ သို့သော်ငြားလည်း၊ အလုပ်သမားများသည် ၎င်းတို့ ကိုယ်ပိုင်သုံးစွဲရမည့် ဓာတုဆေးပစ္စည်းများကို ကိုယ်တိုင်ရွေးချယ်ဝယ်ယူနိုင်ခြင်းမရှိခဲ့ကြ။ ထို့အတွက်ကြောင့် ဈေးနှုန်းသင့်တော်သော ဓာတုဆေးပစ္စည်းများကို မရွေးချယ်နိုင်ပါ။ အလုပ်သမားများထံမှ ပူးပေါင်းပါဝင်မှုမရှိဘဲ အလုပ်ရှင်များကသာ လိုအပ်သော ဤအရာများကို ဝယ်ခြမ်းခဲ့ကြသည်။ ဝယ်ယူခဲ့သော ၎င်းပစ္စည်းစရိတ်များကို အမြဲတမ်းအလုပ်သမားများ၏ လုပ်အားခထဲမှ ဖြတ်တောက်နှုတ်ယူပြန်သည်။ ထိုသို့နှုတ်ယူရာတွင် စာရင်းဇယားအပြည့်အစုံ မရှိပါ။ အပင်များပျက်စီးခြင်း၊ အသုံးအဆောင်ပစ္စည်းများ ပျက်စီးခြင်း၊ ရေအလွန်အကျွံသုံးစွဲခြင်း၊ (သို့မဟုတ်) လိုတာထက်ပို၍ အနားယူသည်ဟု မန်နေဂျာများမှ မှတ်ချက်ပေးမှု စသည့် စည်းကမ်းချိုးဖောက်မှုတို့အတွက် ငွေကြေးပြစ်ဒဏ် (ဒဏ်ငွေ) တပ်ကြောင်း အမြဲတမ်းအလုပ်သမားများက ဆိုခဲ့သည်။

အမြဲတမ်းအလုပ်သမားများသည် ၎င်းတို့၏ အလုပ်ရှင်နှင့် နဂိုက သဘောတူထားခြင်းမရှိသည့် လွန်ကဲသော အချိန်ပိုလုပ်ရခြင်း ဒဏ်ကို အထူးသဖြင့် ခံနေကြရသည်။ အလုပ်သမားများကို အချိန်ပိုဆင်းနိုင်သလောက် ဆင်းစေရန် လုပ်အားခဖြတ်တောက်နှုတ်ယူခြင်းများ (သို့မဟုတ်-လုပ်အားခဖြတ်တောက်နှုတ်ယူသည့် ခြိမ်းခြောက်မှု)ကို အတင်းအကျပ် အသုံးပြုကြောင်း လူတွေ့မေးမြန်းခံ အမြဲတမ်းအလုပ်သမားအားလုံးက ဖြေကြားခဲ့ကြသည်။ အထက်ပါရှင်းလင်းချက်အတိုင်း၊ အချိန်ပိုဆင်းရန် (သို့မဟုတ်) လက်တွေ့မဆန်သော သတ်မှတ်အလုပ်ပမာဏကို ပြီးမြောက်အောင်လုပ်ဆောင်ရန် ငြင်းဆန်ပါက ယင်းလုပ်ငန်းတာဝန်များကို နေ့စားငှားရမ်းထားသော အလုပ်သမားများကို မဖြစ်မနေလုပ်ဆောင်စေပါသည်။ ယင်းသို့နေ့စားသမားများ လုပ်ဆောင်သည့် ကုန်ကျစရိတ်များကို အမြဲတမ်းအလုပ်သမားများ၏ နှစ်စဉ်လုပ်အားခများထဲမှ ဖြတ်တောက်နှုတ်ယူသွားသည်။ လူတွေ့မေးမြန်းခံ အမြဲတမ်းအလုပ်သမား (၁၃)ဦးက တစ်နေ့ (၈)နာရီထက် ကျော်လွန်ကာ အချိန်ပိုကြေးမရဘဲ ပုံမှန်အလုပ် လုပ်နေရကြောင်း ဆိုထားပြီး (၁၁)ဦးမှာ တစ်ရက်မှ အနားမရဘဲ မြန်မာနိုင်ငံဥပဒေကို ဆန့်ကျင်ကာ တစ်ပတ် (၇)ရက် ဆက်တိုက် အလုပ် လုပ်ရကြောင်း ဖြေကြားခဲ့သည်။ ယင်း(၁၃)ဦးအနက် (၆)ဦးကို အလုပ် မစတင်မီ စံနှုန်းမီအလုပ် လုပ်ရက်တစ်ရက်အတွင်း ထမ်းဆောင်ရမည့် အလုပ်လုပ်ချိန် (သို့မဟုတ်) အလုပ်လုပ်ရက်များကို အသိပေး၊အကြောင်းကြားခြင်းမရှိခဲ့ဟု ဖြေကြားခဲ့သည်။

အမြဲတမ်းအလုပ်သမားများသည် ၎င်းတို့၏ အလုပ်ရှင်နှင့် နဂိုက သဘောတူထားခြင်းမရှိသည့် လွန်ကဲသော အချိန်ပိုလုပ်ရခြင်း ဒဏ်ကို အထူးသဖြင့် ခံနေကြရသည်။ အလုပ်သမားများကို အချိန်ပိုဆင်းနိုင်သလောက် ဆင်းစေရန် လုပ်အားခဖြတ်တောက်နှုတ်ယူခြင်းများ

လူတွေ့မေးမြန်းခံသူများ အားလုံးပြောပြသည်မှာ ၎င်းတို့အားလုံးသည် ၎င်းတို့၏ အလုပ်ရှင်များ စောင့်ကြည့်ခြင်းကိုအမြဲတစေ ခံကြရသည်ဟု ဆိုသည်။ အမြဲတမ်းအလုပ်သမားများသည် စိုက်ပျိုးခင်းပရဝုဏ်ပြင်ပသို့ ညချိန် ထွက်[1]နိုင်ကြောင်း Verité ၏အင်တာဗျူးက တွေ့ရှိခဲ့သော်လည်း၊ အမြဲတမ်းအလုပ်သမားအများစုပြောပြသည်မှာ ခွင့်ပြုချက်မရဘဲ နေ့ချိန်အတွင်း အပြင်ထွက်ခွင့်မပြုဟု ဆိုထားသည်။ စိုက်ပျိုးခင်းပြင်ပသို့ထွက်ခြင်းကို ကိုယ်ထိလက်ရောက် ဟန့်တား၊ပိတ်ပင်မှုမရှိသော်ငြားလည်း၊ နစ်ကုန်၌ရရှိမည့် လုပ်အားခ ဆုံးရှုံးရမည်ဟူသော ခြိမ်းခြောက်မှုက အလုပ်သမားများ၏ ဝင်၊ထွက် သွားလာခြင်းကို ဟန့်တားနေလေသည်။

→ တစ်ချို့ကိစ္စများတွင်၊ အလုပ်သမားများ ဝင်၊ထွက် သွားလာမှုကို ထိန်းချုပ်သည့်အနေဖြင့် အမျိုးသားမှတ်ပုံတင်ကဒ်များကို သိမ်းဆည်းထားကြောင်း အများပြောပြချက်အရ သိရသည်။ မှတ်ပုံတင်ဆိုသည်မှာ မြန်မာနိုင်ငံတွင် မရှိမဖြစ်အရေးကြီးသော အရာဖြစ်ပြီး ကျောင်းတက်ရန်သော်လည်းကောင်း၊ နိုင်ငံတစ်ဝန်းခရီးသွားလာရန်သော်လည်းကောင်း၊ ဘဏ်အကောင့်ဖွင့်ရန်သော်လည်းကောင်း၊ ဆေးဝါး (ကျန်းမာရေး) ဝန်ဆောင်မှုရယူရန်လည်းကောင်း လိုအပ်သော အရာဖြစ်ပါသည်။

→ လက်ခံဖြေကြားသူ အားလုံးနီးပါး ဖြေကြားသည်မှာ ၎င်းတို့သည် အန္တရာယ်ရှိနိုင်မည့် ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးများကို ထိတွေ့နေရကြောင်း ဆိုသည်။ Verité အင်တာဗျူးခဲ့သည့် အမြဲတမ်းအလုပ်သမား၊ ရာသီစားအလုပ်သမားနှင့် နေ့စားအလုပ်သမားများ အပါအဝင် အလုပ်သမား (၁၈) (နှစ်ဦးမှလွဲ၍) သည် ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးများကို လက်ဖြင့် အသုံးပြုကိုင်တွယ်ကြရသည်။ တစ်ချို့စိုက်ခင်းများတွင် ကိုယ်ဝန်သည်အမျိုးသမီးများနှင့် ၁၈နှစ်အောက် ကလေးသူငယ်များသည်လည်း ပိုးသတ်ဆေးများကို လက်ဖြင့်ကိုယ်တိုင် → ကိုင်တွယ်လုပ်ကိုင်ရကြောင်း သိရှိရသည်။ ယင်းလုပ်ရပ်သည် မြန်မာနိုင်ငံဥပဒေနှင့် ဆန့်ကျင်ပါသည်။ တစ်ချို့အလုပ်သမားများသည် ခေါင်းမူးခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာရှိခြင်း (သို့မဟုတ်) အော့အန်ခြင်း စသည့်ဖြစ်ရပ်များကို ကြုံတွေ့ရကြောင်း ဆိုသည်။ တစ်ချို့အလုပ်သမားများပြောပြချက်အရ၊ စိုက်ခင်းအလုပ်သမားများ ကိုယ်ဝန်ပျက်ကျသည်ကိုလည်း ကြားသိရကြောင်း သိရသည်။ ပုံမှန်အားဖြင့်၊ အလုပ်သမားများသည် အလုပ်ထဲ၌ ဓာတုဆေးပစ္စည်းများ အသုံးပြုရန်လိုကြောင်းကို အတိုင်းအတာတစ်ခုထိ သိရှိထားကြသည်။ တစ်ချိန်တည်း၌၊ ယင်းသို့သော အလုပ်ကို စ,တင်မလုပ်ဆောင်မီ လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များ၏ သဘောသဘာဝ အတိအကျကို သိမြင်နိုင်စွမ်းမရှိကြပါ။ ထို့အပြင် ကျရောက်နိုင်မည့် အန္တရာယ်များအား မည်သို့မည်ပုံ တားဆီး၊ရှောင်ရှားရမည် ဟူသော သင်တန်းပေးခြင်းလည်း မရှိပါ။


VERITÉ Fair Labor. Worldwide.

စိုက်ခင်းအလုပ်သမားများအပေါ် ၎င်းတို့၏လုပ်ငန်းကြီးကြပ်ရေးမှူးများမှ နှုတ်ဖြင့်နှောင့်ယှက်စော်ကား သည့် သက်သေသာဓကရှိသည်။ အင်တာဗျူးဖြေကြားသူ အများက ၎င်းတို့အလုပ်လုပ်ရာတွင် ကျေနပ်နှစ်သိမ့်မှုမရှိပါက (သို့မဟုတ်) များများအနားယူပါက ကြီးကြပ်ရေးမှူးများမှ ဆဲဆို၊ကြိမ်းမောင်းကြောင်း ဖြေကြားခဲ့သည်။ အလုပ်သမား (၁၈)ဦးအနက် (၁၄)ဦးက ၎င်းတို့အား ကြီးကြပ်ရေးမှူးမှ နှုတ်ဖြင့် ဆဲဆို၊ ကြိမ်းမောင်း စော်ကားခဲ့ကြောင်း ပြောပြသည်။ ကိုယ်ထိလက်ရောက်ဖြစ်စေ၊ လိင်ပိုင်းဆိုင်ရာ ထိပါးစော်ကားခြင်းကိုဖြစ်စေ ကိုယ်တွေ့ မကြုံဖူးကြောင်း ဖြေကြားသူများက ဆိုထားသော်လည်း၊ အများပြောပြချက်အရ တစ်ချို့စိုက်ပျိုးခင်းများ၌ ထိုသို့ဖြစ်ပျက်ကြောင်း သိရသည်။ အလုပ်သမား (၄)ဦးပြောပြချက်အရ၊ အခြားအလုပ်သမားများကို လိင်ပိုင်းဆိုင်ရာထိပါးစော်ကား နေသည်အား တွေ့မြင်ရကြောင်း၊ တစ်ခြားသူများမှတဆင့် ထိုသို့ ထိပါးစော်ကားကြောင်းကို ကြားသိရကြောင်း သိရှိခဲ့ရသည်။

အဘယ်ကြောင့်ဆိုသော် ထိုလုပ်ရပ်သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြစ်သော "သဘောသဘာဝအားဖြင့်သော်လည်းကောင်း၊ လုပ်ကိုင်ဆောင်ရွက်ရသော အခြေအနေအားဖြင့်သော်လည်းကောင်း ကျန်းမာရေး၊ လုံခြုံမှု (သို့မဟုတ်) ကလေးသူငယ်များ၏ ကိုယ်ကျင့်တရားကို ထိခိုက်စေရန် သေချာသည့် အလုပ်" ဟူသော အဓိပ္ပါယ်ထဲ ကျရောက်နေသောကြောင့် ဖြစ်သည်။

Verité believes this type of employment constitutes the worst forms of child labor as it meets the ILO definition for "work which, by its nature or the circumstances in which it is carried out, is likely to harm the health, safety or morals of children."

ငှက်ပျောကဏ္ဍ၌ ဖြစ်ပျက်နေသည့် အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားများအား ခိုင်းစေခြင်းအပါအဝင် ကလေးအလုပ်သမားခိုင်းစေမှု အထောက်အထားကိုလည်း Verité က ထုတ်ဖော်ခဲ့သည်။ အသက် (၁၈)နှစ်အောက် (၁၄နှစ်အောက် ကလေးများအပါအဝင်) အသက်မပြည့်သေးသူများက စိုက်ပျိုးခင်းများ၌အလုပ် လုပ်နေကြကြောင်းနှင့် တစ်ချို့ဆိုလျှင် မကြာသေးမီကမှ ပိုးသတ်ဆေးဖျန်းထားသည့် နေရာများတွင် ပိုးသတ်ဆေးများကို ကိုင်တွယ် လုပ်ကိုင်နေရကြောင်း (သို့မဟုတ်) အလုပ်လုပ်နေရကြောင်း လူတွေ့မေးမြန်းခံ အလုပ်သမားအများစုမှ ဆိုသည်။

ဤကဲ့သို့ လုပ်ကိုင်နေရပုံသည် အဆိုးရွားဆုံးသော ကလေးသူငယ်ခိုင်းစေမှုပုံစံများ မြောက်ကြောင်း Verité က ယုံကြည်သည်။ အဘယ်ကြောင့်ဆိုသော် ထိုလုပ်ရပ်သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြစ်သော "သဘောသဘာဝအားဖြင့်သော်လည်းကောင်း၊ လုပ်ကိုင်ဆောင်ရွက်ရသော အခြေအနေအားဖြင့်သော်လည်းကောင်း ကျန်းမာရေးနှင့် လုံခြုံမှုကို (သို့မဟုတ်) ကလေးသူငယ်များ၏ ကိုယ်ကျင့်တရားကို ထိခိုက်စေရန် သေချာသည့် အလုပ်" ဟူသော အဓိပ္ပါယ်ထဲ ကျရောက်သောကြောင့် ဖြစ်သည်။

ဇယား ၂။ ငှက်ပျောစိုက်ပျိုးမှုကဏ္ဍ၌ အဓမ္မအလုပ်ခိုင်းစေမှု အရိပ်လက္ခဏာများ တည်ရှိမှု အကျဉ်းတင်ပြချက်

| အတင်းအဓမ္မခိုင်းစေမှု အရိပ်လက္ခဏာ | အကျိုးဆက်ခံစားရသော အလုပ်သမားအမျိုးအစား |
|---|---|
| လုပ်သားခေါ်ယူစဉ်အတွင်း သတ်မှတ်ထားသည်မှ လူတစ်ယောက်၏ သဘောဆန္ဒမပါဘဲ သဘောသဘာဝမတူသော အလုပ်ကို အလုပ်သမားမှ လုပ်ကိုင်ရမည့် အခြေအနေများ | |
| ရင့်သီးကြမ်းတမ်းစွာ အချိန်ပိုလုပ်ကိုင်စေခြင်း (သို့မဟုတ်) နဂိုမူလက အလုပ်ရှင်နှင့် သဘောတူထားခြင်းမရှိသည့် အလုပ်ကို လိုအပ်သလို ခေါ်ယူလုပ်ကိုင်စေခြင်း | အမြဲတမ်း အလုပ်သမားများ |
| အလုပ်သမားက လုပ်ရန်သဘောဆန္ဒမရှိသည့် အန္တရာယ်များသော အခြေအနေများ၌ လုပ်ကိုင်ရသော အလုပ် | အမြဲတမ်း အလုပ်သမားများ ရာသီစားအလုပ်သမားများ၊ နေ့စားအလုပ်သမားများ |
| လုပ်အားခ မရသော (သို့မဟုတ်) နည်းသော အလုပ် | အမြဲတမ်း အလုပ်သမားများ |
| အလုပ်စာချုပ်ကို လွတ်လပ်စွာ အဆုံးသတ်ခွင့် မရှိသော (သို့မဟုတ်) အဆုံးသတ်ခွင့် နည်းသော အလုပ် | အမြဲတမ်း အလုပ်သမားများ |

| ဒဏ်ခတ်မည်ဟု ခြိမ်းခြောက်သည့် အရိပ်လက္ခဏာ | အကျိုးဆက်ခံစားရသော အလုပ်သမားအမျိုးအစား |
|---|---|
| လုပ်အားခများအားဖြစ်စေ ခံစားခွင့်ပေးမည်ဟု ကတိပြုထားသည့် အခြားခံစားခွင့်များကိုဖြစ်စေ ထိန်ချန်ခြင်း | အမြဲတမ်း အလုပ်သမားများ |
| တန်ဖိုးကြီးသော သက်သေခံအထောက်အထား စာရွက်စာတမ်းများ (ဥပမာ- ကိုယ်ရေးအချက်အလက် ထင်ရှားပြရသော စာရွက်စာတမ်းများ သို့မဟုတ် နေထိုင်ခွင့်လက်မှတ်များ)ကို သိမ်းဆည်းထားခြင်း | အမြဲတမ်း အလုပ်သမားများ |
| အလုပ်သမားများ၏ သွားလာရေးကို ကန့်သတ်ခြင်းများ | အမြဲတမ်း အလုပ်သမားများ |
| အလုပ်သမားများအားဖြစ်စေ အလုပ်သမားများ၏ မိသားစုဝင်များနှင့် ဆွေမျိုးများအားဖြစ်စေ ရင်းနှီးသော အသိမိတ်ဆွေများကိုဖြစ်စေ ခြိမ်းခြောက်ခြင်း (သို့မဟုတ်) အကြမ်းဖက်ခြင်း | အမြဲတမ်းအလုပ်သမားများ၊ ရာသီစားအလုပ်သမားများ၊ နေ့စားအလုပ်သမားများ |

ယခုလို အလုပ်သမားရေးရာ တွေ့ရှိချက်များအပြင်၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာ အချက်များ ဆက်နွယ်နှီးနှောနေမှုများနှင့် စပ်လျဉ်း၍ တွေ့ရှိချက်များစွာကိုလည်း မှတ်သား၊ရှင်းလင်း သင့်ပါသည်။ ကချင်ပြည်နယ်ရှိ ငှက်ပျောစိုက်ပျိုးမှုများသည် သစ်တောပြုန်းတီးမှု၊ မြေယာပဋိပက္ခနှင့် အထိန်းအကွပ်စည်းကမ်းမဲ့ ပိုးသတ်ဆေးသုံးစွဲမှု စသည်တို့ကို ဖြစ်စေသောကြောင့် ဒေသခံပြည်သူများအတွက် အားနည်းချက်များကို ဖန်တီးပေးလေသည်။ ငှက်ပျောစိုက်ပျိုးမှုများသည် ကချင်ပြည်နယ်ရှိ မြေကေပေါင်း (၁၇၆၀၀၀) နီးပါး (စင်ကာပူနိုင်ငံ အရွယ်အစားခန့်မျှရှိသောမြေ) ကို သုံးစွဲထားရသည်။ စိုက်ပျိုးမှုအများစုမှာ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်အတွင်း တည်ရှိပြီး ယင်းမြို့နယ်တွင် စိုက်ပျိုရေးလုပ်ငန်းများအတွက် "အကြီးစား သစ်တောရှင်းလင်းမှု" ကို လုပ်ဆောင်လျက်ရှိသည်။

သတင်းမီဒီယာများ၏ အစီရင်ခံစာများနှင့် Verité ၏ ဒေသခံကျွမ်းကျင်ပုဂ္ဂိုလ်များနှင့် ဒေသခံပြည်သူများအား လူတွေ့မေးမြန်းထားချက်များအရ စိုက်ပျိုးရေးကုမ္ပဏီများဘက်မှ ဒေသခံများ၏ လယ်ယာမြေများကို အတင်းအဓမ္မသိမ်းယူထားသည့် အထောက်အထားများကို မှတ်တမ်းတင် ရရှိပါသည်။ ယင်းအထောက်အထားတွင် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူ (IDP)များ၏ လွတ်နေသော မြေပေါ်တွင် စိုက်ပျိုးခင်းများ အများအပြားရှိနေသည့် ဖြစ်ရပ်များ ပါဝင်နေသည်။ ကချင်ပြည်နယ်အခြေပြု အရပ်ဘက်လူမှုအဖွဲ့အစည်း (၁၁) ဖွဲ့ဖြင့် ဖွဲ့စည်းထားသော မဟာမိတ်အဖွဲ့တစ်ဖွဲ့ဖြစ်သည့် LSECNG အဖွဲ့မှ ထုတ်ပြန်သော အစီရင်ခံစာတစ်စောင်အရ၊ ငှက်ပျောစိုက်ပျိုးရေး ကုမ္ပဏီများထံ ၎င်းတို့၏မြေများအား အငှားချထားသော ဒေသခံပြည်သူများအနက် ၅၉ ရာခိုင်နှုန်းသည် ဖိအားပေးခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်း၊ လိမ်လည်လှည့်ဖြားခံရခြင်း သို့မဟုတ် မြေယာသိမ်းခံရခြင်း တို့ကြောင့် ၎င်းတို့၏မြေများကို ကုမ္ပဏီများထံ အငှားချထားခဲ့ကြသည်။

ကချင်ပြည်နယ်အတွင်း စည်းကမ်းမဲ့ ပိုးသတ်ဆေး သုံးစွဲမှုကြောင့်လည်း ဒေသခံများ၏ ကျန်းမာရေးနှင့် စားဝတ်နေရေးများကို ဆိုးဆိုးရွားရွား ထိခိုက်နစ်နာစေပါသည်။ Verité အင်တာဗျူးလုပ်ခဲ့သည့် လယ်သမားများ (တစ်ချို့မှာ ယခင်က ငှက်ပျောစိုက်ခင်းများ၌ အလုပ် လုပ်ဖူးသည်) သည် ၎င်းတို့ကျေးရွာရှိ ပြည်သူများ ပိုးသတ်ဆေးများအား ရှူရှိုက်မိသောအခါ နာမကျန်းဖြစ်မှုများ ရှိခဲ့ကြောင်း ပြန်လည်းအမှတ်ရ ပြောပြခဲ့သည်။ ယင်းပိုးသတ်ဆေး၏ စူးရှပြင်းထန်သော အနံ့များကြောင့် ထိုသို့ ခွဲခြား ပြောပြနိုင်ခဲ့ပါသည်။



AERIAL VIEW OF BANANA PLANTATION - KACHIN STATE, BURMA

ဒေသခံများ သွေးယိုစီးခြင်းနှင့် အင်အားချိနဲ့မှုများရှိကြောင်း သတင်းမီဒီယာများမှ အစီရင်ခံထားကြသည်။ တစ်ချို့ဒေသခံများသည် စိုက်ခင်း အလုပ်သမားများ ပိုးသတ်ဆေးဖျန်းချိန် အတွင်း ဆေးနှင့် ထိတွေ့ခဲ့မှုကြောင့် ဆေးရုံတက်ရောက် ကုသခဲ့ရသည်အထိ ရှိခဲ့ပါသည်။ တစ်ချို့ဒေသခံများနှင့် အလုပ်သမားများဆိုလျှင်၊ ပိုးသတ်ဆေးများနှင့် ထိတွေ့မှုကြောင့်ဟု ယူဆရသော အခြေအနေကြောင့် သေဆုံးသည်အထိ ရှိခဲ့သည်။

ဥပမာ- ဖြစ်ရပ်တစ်ခုတွင် စိုက်ခင်းအလုပ်သမားများ၏ အသက်(၅)နှစ် နှင့် (၆)နှစ်အရွယ် ကလေး(၂)ဦးသည် ဝွေထုကျေးရွာအနီးရှိ ငှက်ပျောစိုက်ခင်း၌သုံးသော ပိုးသတ်ဆေးများကို ရှူရှိုက်မိကာ သေဆုံးခဲ့ရသည်။ ရေညစ်ညမ်းမှုသည် နေထိုင်သူများအတွက် အဓိကစိုးရိမ်စရာ ဖြစ်နေသည်။ သောက်ရေအပြင်၊ သားငါး တိရိစ္ဆာန်မွေးမြူရေးအတွက် လိုအပ်သောရေကို သေဒခံများက ဒေသတွင်းရှိ ရေအထောက်အပံ့အပေါ် မှီခိုနေရသည်။ ၂၀၁၉ ခုနှစ်တွင်၊ ဒေသခံမီဒီယာက ဧက ၅၀၀ ငှက်ပျောစိုက်ခင်းတစ်ခုအနီးရှိ ချောင်း (၂)ချောင်း အဆိပ်သင့်လာသည့် ဖြစ်ရပ်ကို မှတ်တမ်းတင်ခဲ့သည်။ အဆိပ်သင့်မှုကြောင့် ယင်းချောင်းထဲများရှိ ငါးများ သေသွားကြသည်။ ဒေသခံရွာသားများ သောက်သုံးရေအတွက် သုံးသော ချောင်းနံဘေးနှင့် ကပ်လျက်ရှိ ရေတွင်းများတွင်လည်း ငါးအသေကောင်းများကို တွေ့ခဲ့ကြသည်။ LSECNG အဖွဲ့မှ စိုက်ပျိုးရေးသုံးဓာတုဆေးပစ္စည်းများကြောင့် လူသားများနှင့် တိရိစ္ဆာန်များ ဖျားနာသည့်ဖြစ်ရပ်များစွာကိုလည်း မှတ်တမ်းတင်ခဲ့သည်။ ငှက်ပျောစိုက်ခင်း၏ အောက် (ရေစုန်)ဘက်ရှိ သောက်သုံးရေ သောက်ပြီးနောက် နွားများ သေဆုံးခြင်း၊ ငှက်ပျောပွင့်ရွက်များ စားပြီးနောက် ဝက်များ သေဆုံးခြင်း၊ ရွာသူ/သားများမှ အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်လာခြင်း စသည့်ဖြစ်ရပ်များ ပါဝင်သည်။ ဝိုင်းမော်အတွင်းရှိ ကျေးလက်နေပြည်သူများအနက် အိမ်ထောင်စု (၃၀)ရာခိုင်နှုန်းကျော်သည် ထိန်းသိမ်းကာကွယ်ထားခြင်းမရှိသည့် အရင်းအမြစ်များမှတဆင့် ရေကို ရယူသုံးစွဲကြသောကြောင့် ပိုးသတ်ဆေးအဆိပ်သင့်မှုဒဏ်ကို အလွယ်တကူခံရသည်။

ငှက်ပျောစိုက်ပျိုးမှုနှင့် တွဲဖက်ဖြစ်ပေါ်လာသော သစ်တောပြုန်းတီးမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုတို့သည် ဒေသခံများ၏ စားဝတ်နေရေးနှင့် အစားအသောက်ဖူလုံမှုအပေါ် ကြီးမားသည့်အန္တရာယ် ကျရောက်စေသည်။

PESTICIDES ARE APPLIED TO BANANA PLANTS IN KACHIN STATE



ငှက်ပျောစိုက်ခင်းများအနီးရှိ အိမ်ထောင်စုအများစုသည် ၎င်းတို့ဆက်လက်အသက်ရှင်နိုင်ရန် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးပေါ်တွင် မှီခိုကြရသည်။ ငှက်ပျောစိုက်ပျိုးမှုသည် တစ်မျိုးတစ်မည်တည်းစိုက်ပျိုးသည့် လုပ်ငန်းဖြစ်သောကြောင့် စိုက်ခင်းနှင့်စိုက်ခင်းပတ်လည်ရှိ မြေဆီလွှာသည် ၇ နှစ်ကျော်သော်အခါ စတင် ပျက်စီးလာပါသည်။ ကချင်ပြည်နယ်-အခြေစိုက် အပင်စိုက်ပျိုးရေးကုမ္ပဏီများ၏ ပြောပြချက်အရ၊ ပျက်စီးသွားသော မြေဆီလွှာ ပြန်ကောင်းလာအောင် နောက်ထပ် ၇ နှစ်စောင့်ဆိုင်းရန် လိုသည် ဟုသိရသည်။ အနီးပတ်ဝန်းကျင် စိုက်ခင်းများ၌ စိုက်ပျိုးရေးသုံးဓာတုဆေးပစ္စည်းများ သုံးစွဲမှုကြောင့် မြေဆီလွှာဖွံ့ဖြိုးမှုနှင့် ကောက်ပဲသီးနှံဖြစ်ထွန်းမှုတို့အပေါ် ဆိုးကျိုးသက်ရောက်ကြောင်း အင်တာဗျူးခံခဲ့သည့် ရွာသူ/သားများက ဆိုသည်။ အခြားဆိုးကျိုးများမှာ ရိုးရာအစဉ်အလာတည်ရှိသော သစ်တောမြေများ သုံးစွဲနိုင်မှုကို ဆုံးရှုံးရခြင်း၊ ကောက်ပဲသီးနှံဖြစ်ထွန်းမှု လျော့ကျခြင်းနှင့် မွေးမြူရေးတိရိစ္ဆာန်များကို လွတ်လပ်စွာ စားကျက်မလွှတ်နိုင်ခြင်း တို့ဖြစ်ကြသည်။ သစ်တောမြေဧရိယာအထိ စိုက်ခင်းသစ်များ တိုးချဲ့ခြင်းသည် စိုက်ထင်းအတွက်လိုအပ်သော သစ်ပမာဏကို လျော့ကျစေနိုင်ပြီး အခြားသော သစ်တောထွက်အသုံးဝင်များကို ကျဆင်းစေနိုင်ပါသည်။ ထိုသို့ လျော့ကျ၊ ကျဆင်းမှုက အားနည်းချက်ကို ပွံ့ပိုးဖြစ်ပေါ်စေသည်။

ငှက်ပျောစိုက်ပျိုးမှု အလျင်အမြန်ပျံ့နှံ့လာခြင်းနှင့် နောက်ဆက်တွဲရလဒ်ဖြစ်သော မိသားစုပိုင်မြေ၊ အများပိုင်မြေများ ဆုံးရှုံးရခြင်းတို့အား ပေါင်းစပ်သောအခါ၊ ဒေသခံပြည်သူအချို့အနေဖြင့် ရွေးချယ်စရာ မရှိသလောက်နည်းပါးလာပြီး မြန်မာပြည် အနယ်နယ်အရပ်ရပ်သို့ဖြစ်စေ တရုတ်ပြည်သို့ဖြစ်စေ အလုပ်သစ်ရှာဖွေရန် ရွှေ့ပြောင်းသွားရတော့သည်။ သို့မဟုတ် ခေါင်းပုံဖြတ်အလုပ်ခွင်အခြေအနေများရှိသော ငှက်ပျောစိုက်ခင်းများ၌ အလုပ် လုပ်ကြရတော့သည်။ ဒေသခံပြည်သူများအပေါ် သက်ရောက်သော ငှက်ပျောစိုက်ပျိုးမှု ဆိုးကျိုးများသည် တစ်ချို့သောသူများအား အလုပ်အကိုင်ရှာဖွေရန် အခြားနေရာသို့ ရွှေ့ပြောင်းစေသည်ဟု အခိုင်အမာ ပြောဆိုနေကြသည်။ ထို့ပြင် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်နေသူ (IDPs)များ ယခင်က လုပ်ကိုင်စားသောက်ခဲ့သော မြေများအပေါ် ငှက်ပျောစိုက်ပျိုးမှုများ တည်ရှိနေခြင်းက ထိရှလွယ်သော ဤ IDPs အုပ်စုကို ၎င်းတို့ အစဉ်အလာနေထိုင်လာသော မြေနေရာသို့ ပြန်ရာတွင် ကြီးမားသော အတားအဆီးတစ်ခု ဖြစ်နေပြီး အနာဂတ်၌ နဂိုမူလအတိုင်း စားဝတ်နေရေး ပြန်လည်ရရှိရေးကိုလည်း ဟန့်တားနေပါသည်။ အင်တာဗျူးလုပ်ခဲ့သော အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကျွမ်းကျင်ပုဂ္ဂိုလ်များ၏ မှတ်ချက်အရ၊ ငှက်ပျောစိုက်ပျိုးမှု တိုးချဲ့ခြင်းကြောင့် ၎င်းတို့၏ မြေ ပြန်လည်သုံးစွဲခွင့် ဆုံးရှုံးခဲ့ရသော ဒေသခံပြည်သူများသည် တရုတ်ပြည်သို့ အလုပ်သစ် ရှာဖွေထွက်ရန်မှာ သေချာလှသည် ဟု မှတ်ချက်ပေးခဲ့ကြသည်။

ငှက်ပျောစိုက်ပျိုးမှု အလျင်အမြန်ပျံ့နှံ့လာခြင်းနှင့် နောက်ဆက်တွဲရလဒ်ဖြစ်သော မိသားစုပိုင်မြေ၊ အများပိုင်မြေများ ဆုံးရှုံးရခြင်းတို့အား ပေါင်းစပ်သောအခါ၊ ဒေသခံပြည်သူအချို့အနေဖြင့် ရွေးချယ်စရာ မရှိသလောက်နည်းပါးလာပြီး မြန်မာပြည် အနယ်နယ်အရပ်ရပ်သို့ဖြစ်စေ တရုတ်ပြည်သို့ဖြစ်စေ အလုပ်သစ်ရှာဖွေရန် ရွှေ့ပြောင်းသွားရတော့သည်။ သို့မဟုတ် ခေါင်းပုံဖြတ်အလုပ်ခွင်အခြေအနေများရှိသော ငှက်ပျောစိုက်ခင်းများ၌ အလုပ် လုပ်ကြရတော့သည်။ ဒေသခံပြည်သူများအပေါ် သက်ရောက်သော ငှက်ပျောစိုက်ပျိုးမှု ဆိုးကျိုးများသည် တစ်ချို့သောသူများအား အလုပ်အကိုင်ရှာဖွေရန် အခြားနေရာသို့ ရွှေ့ပြောင်းစေသည်ဟု အခိုင်အမာ ပြောဆိုနေကြသည်။ ထို့ပြင် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်နေသူ (IDPs)များ ယခင်က လုပ်ကိုင်စားသောက်ခဲ့သော မြေများအပေါ် ငှက်ပျောစိုက်ပျိုးမှုများ တည်ရှိနေခြင်းက ထိရှလွယ်သော ဤ IDPs အုပ်စုကို ၎င်းတို့ အစဉ်အလာနေထိုင်လာသော မြေနေရာသို့ ပြန်ရာတွင် ကြီးမားသော အတားအဆီးတစ်ခု ဖြစ်နေပြီး အနာဂတ်၌ နဂိုမူလအတိုင်း စားဝတ်နေရေး ပြန်လည်ရရှိရေးကိုလည်း ဟန့်တားနေပါသည်။ အင်တာဗျူးလုပ်ခဲ့သော အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကျွမ်းကျင်ပုဂ္ဂိုလ်များ၏ မှတ်ချက်အရ၊ ငှက်ပျောစိုက်ပျိုးမှု တိုးချဲ့ခြင်းကြောင့် ၎င်းတို့၏ မြေ ပြန်လည်သုံးစွဲခွင့် ဆုံးရှုံးခဲ့ရသော ဒေသခံပြည်သူများသည် တရုတ်ပြည်သို့ အလုပ်သစ် ရှာဖွေထွက်ရန်မှာ သေချာလှသည် ဟု မှတ်ချက်ပေးခဲ့ကြသည်။

## အကြံပြုချက်များ - ကချင်ပြည်နယ်ရှိ ငှက်ပျောစိုက်ခင်းများ၌ လုပ်ငန်းခွင် အခြေအနေများကို တိုးတက်ကောင်းမွန်စေခြင်း

ကုမ္ပဏီတစ်ခုမှအပ၊ ကချင်ပြည်နယ်ရှိ ငှက်ပျောကဏ္ဍ၌ ပါဝင်လုပ်ကိုင်နေသော တရုတ်-မြန်မာ ကုမ္ပဏီများသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေများနှင့်အညီ မှတ်ပုံတင်ထားခြင်း မရှိသည်ကို တွေ့ရသည်။ ကချင်ပြည်နယ်ရှိ ငှက်ပျောစိုက်ပျိုးမှု လုပ်ငန်းအား ထိန်းကျောင်းရန် အစိုးရအတွက် မြန်မာနိုင်ငံ၏ အမျိုးသားလွှတ်တော်တွင် အဆိုပြုချက်တစ်ခုအား ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၌ အတည်ပြုခဲ့သည်။

ယင်းအဆိုပြုချက်ပါ အချက်များစွာအနက် တစ်ချက်မှာ စိုက်ပျိုးရေးဆိုင်ရာ ကျင့်သုံးမှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ မြေယာသိမ်းဆည်းမှု များနှင့်ပတ်သက်၍သော်လည်းကောင်း စည်းမျဉ်းဥပဒေများကို ပြဋ္ဌာန်းပေးခြင်း ဖြစ်သည်။ Verité ၏ ကွင်းဆင်းသုတေသန တွေ့ရှိချက်များတွင် ကချင်ပြည်နယ်-အခြေစိုက် အရပ်ဘက် လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်အများအပြား ပြောပြသည်မှာ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများ အပြင် စိုက်ပျိုးခင်းနေရာဒေသ ပတ်လည်ရှိ ဒေသခံပြည်သူများ၏ ကျန်းမာရေးနှင့် စားဝတ်နေရေးအပေါ် အကျိုးသက်ရောက်မှုများ အပါအဝင် နောက်ဆက်တွဲဆိုးကျိုးများကြောင့် ကချင်ပြည်နယ်ရှိ ငှက်ပျောစိုက်ပျိုးမှု လုပ်ငန်းအသစ်များကို ရပ်ဆိုင်းသင့်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

တရုတ်ပိုင် ငှက်ပျောစိုက်ပျိုးမှုကြောင့် အလားတူ ဒေသတွင်း ကျန်းမာရေးနှင့် စားဝတ်နေရေး ဆိုးကျိုးခံစားခဲ့ရသည့် အိမ်နီးချင်း လာအိုပြည်သူ့သမ္မတနိုင်ငံတွင် အစိုးရအရာ ရှိများသည် ငှက်ပျောစိုက်ပျိုးမှုလုပ်ငန်းအသစ်များ တိုးချဲ့၊ ကြီးထွားလာမှုကို ပိတ်ပင်ရန် ၂၀၁၇ခုနှစ်တွင် ဆုံးဖြတ်ချက် ချမှတ်ခဲ့ကြသည်။

ငှက်ပျောစိုက်ပျိုးမှုများကို မြန်မာနိုင်ငံဥပဒေအရ တရားဝင် အသိအမှတ်ပြု၍ စည်းကမ်း ထိန်းကျောင်းနေမှု ရှိ၊မရှိ ဆိုသည့်ကိစ္စရပ်အပေါ် Verité အနေဖြင့် ကိုင်တွယ်လေ့လာခြင်း မရှိပါ။ သို့သော် စည်းကမ်း ထိန်းကျောင်းမှု အမှန်တကယ်ရှိပြီး စံသတ်မှတ်ထားသော လုပ်ငန်းစဉ်တစ်ခု (SOP) ကို အကောင်အထည်ဖော်မည်ဆိုလျှင်၊ ယင်းသို့ဆောင်ရွက်သော စနစ်ထဲ၌ အလုပ်သမားရေးရာဥပဒေကို လေးစားလိုက်နာစေခြင်းသည် အရေးကြီးလှပြီး ငှက်ပျောစိုက်ခင်း အလုပ်သမားများအား အလုပ်သမားရေးရာ အခွင့်အရေးအပြည့်အဝ ခံစားခွင့် ရှိစေရေးသည်လည်း အရေးကြီးပါသည်။ ဝိုင်းမော်မြို့နယ်အတွင်းရှိ ငှက်ပျောစိုက်ခင်းများတည်ရှိရာ နေရာတစ်ချို့သို့ အစိုးရအဖွဲ့အစည်းများ သွားရောက်ခြင်းအား တားဆီးထားမှုရှိကြောင်း Verité က လက်ခံထားသည်။

အောက်ဖော်ပြပါသည် Verité ၏ ကချင်ပြည်နယ်အတွင်း ငှက်ပျောစိုက်ပျိုးမှု ဖြစ်ရပ်လေ့လာချက် အစီရင်ခံစာမှ အကြံပြုချက်များအပြည့်အစုံကို အကျဉ်းဖော်ပြထားခြင်း ဖြစ်ပါသည်။ အလုပ်သမားရေးရာ အခြေအနေများသည် စိုက်ပျိုးရေး ကဏ္ဍများအလိုက် လုံးဝ ကွဲလွဲနိုင်သောကြောင့်၊ ကချင်ပြည်နယ်ရှိ ငှက်ပျောစိုက်ပျိုးမှုကဏ္ဍ၌ သီးသန့်ဖြစ်ပေါ် နေသော အလုပ်သမားရေးရာ အခြေအနေများ တိုးတက်ကောင်းမွန်လာအောင် ဖြေရှင်းပေးနိုင်ရန် ဤအကြံပြုချက်များကို ရည်ရွယ်သည်။ သို့သော်လည်း တင်ပြထားသည့် အကြံပြုချက်များကို ယေဘုယျအားဖြင့် စိုက်ပျိုးရေးကဏ္ဍ တစ်ခုလုံး အတွက် အလုပ်သမားရေးရာ စည်းကမ်းချက်များလိုက်နာစေရာတွင် အသုံးချရန် ထည့်သွင်းစဉ်းစားနိုင်ပါသည်။

ငှက်ပျောစိုက်ပျိုးလုပ်ငန်းများ၌ လုပ်ကိုင်နေကြသည့် သောင်းနဲ့ချီသော အလုပ်သမားများ အတွက် အလုပ်သမားရေးရာ ရလဒ်ကောင်းများ အမှန်ထွက်ပေါ်လာစေရန် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်လာနိုင်မည့် အစိုးရဝန်ကြီး ဌာနများကို Verité ဖော်ထုတ်ထားသည်။ ယင်းဝန်ကြီးဌာနများ အကြောင်းကို အောက်ပါဇယားကွက်တွင် စီစဉ်လျာပြထားသည်။



VERITÉ
Fair Labor. Worldwide.

ဇယားကွက်၏ ခေါင်းစဉ်မှာ- အလုပ်သမားရေးရာ အခြေအနေများကို စောင့်ကြည့်လေ့လာရန်အတွက် စိုက်ပျိုးရေးကဏ္ဍရှိ မြန်မာအစိုးရဝန်ကြီးဌာနများ၏ တာဝန်ဝတ္တရားများ ဟူ၍ ဖြစ်သည်။ Verité သည် အောက်ဖော်ပြပါ အကြံပြုချက်အကျဉ်းကို မြန်မာ အစိုးရ၊ ငှက်ပျောစိုက်ပျိုးရေးကဏ္ဍ၌ ပါဝင်သည့် ကုမ္ပဏီများနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများ အတွက် ထုတ်ဖော်ရေးဆွဲထားသည်။

## အစိုးရအတွက် အကြံပြုချက်များ

### အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အတွက်

ငှက်ပျောစိုက်ပျိုးမှုများ၌ တွေ့ရှိရသော အလုပ်သမားရေးရာ ချိုးဖောက်ခံရမှုများမှ အလုပ်သမားများကို ကာကွယ်၊ စောင့်ရှောက်ရန် အရေးတယူဆောင်ရွက်ရန်လိုအပ်ပါသည်။

စာချုပ်၊ လုပ်အားခနှင့် အလုပ်ချိန်၊ ကျန်းမာရေးနှင့် လုံခြုံမှု၊ ကလေးသူငယ် အလုပ်သမား ရေးရာ အစရှိသည့် ချိုးဖောက်မှုများသည် ကချင်ပြည်နယ် ရှိ ငှက်ပျောစိုက်ပျိုးမှုလုပ်ငန်းများ၌ အဖြစ်များ ကြောင်း Verité က တွေ့ရှိခဲ့သည်။ ဝန်ကြီးဌာနအနေဖြင့် အောက်ပါကိစ္စရပ်များ အမှန်အကန်ဖြစ်စေရေး အတွက် အလုပ်သမား ရေးရာ ဥပဒေများ လေးစားလိုက်နာမှုရှိမရှိ ဆန်းစစ်နိုင်ရန် ငှက်ပျောစိုက်ခင်း လုပ်ငန်းခွင်သို့ သွားရောက်ကာ အလုပ်သမားများအား အောက်ပါ စစ်ဆေးခြင်းများ ပြုလုပ်သင့်သည်။ အလုပ်သမား များနားလည် နိုင်မည့် ပြည့်စုံစွာရေးသားထားသော အလုပ်စာချုပ် ထုတ်ပေးထားခြင်း၊ အနိမ့်ဆုံး လုပ်အားခ (minimum wage) အမှန်တကယ် ပေးအပ်ခြင်း၊ အလုပ်သမားများဒဏ်ခတ်ခံရမည်ကို စိတ်ပူစရာ မလိုဘဲ နားချိန်ယူနိုင်ခြင်း၊ အလုပ်သမား များကို သောက်သုံးနိုင်သော သောက်ရေနှင့် တစ်ကိုယ် ရေသုံး အကာအကွယ် ပစ္စည်းကိရိယာ (PPE) ဝတ်စုံများကို အခမဲ့ ပေးအပ်ထားခြင်း၊ ကလေးသူငယ်များသည် မြန်မာနိုင်ငံ အလုပ် သမားရေးရာဥပဒေများနှင့်အညီ အလုပ် လုပ်ကိုင် မှုရှိခြင်း၊ အလုပ်ရှင်များသည် အလုပ်သမားများ၏ မှတ်ပုံတင်ကဒ်များ ကို မသိမ်း ဆည်းခြင်း၊ အလုပ်သမားများ၌ နစ်နာမှုအတွက် တိုင်ကြား နိုင်သည့် နည်းလမ်းများ/ စနစ်များ အမှန်တကယ် ထားရှိထားခြင်း စသည့်အချက်များကို စစ်ဆေးသင့်ပါသည်။

စိုက်ပျိုးရေးကဏ္ဍရှိ အလုပ်သမားရေးရာ ဥပဒေအတိုင်း လိုက်နာမှုရှိစေရန် အလုပ်သမား ရေးရာ စစ်ဆေးရေးအဖွဲ့၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပါ။

အလုပ်သမားရေးရာ စစ်ဆေးရေးအဖွဲ့၌ အရင်း အမြစ် မလုံလောက်ကြောင်း Verité၏ သုတေ သနက တွေ့ရှိထားသည်။ ထိုသို့မလုံလောက်မှု ကြောင့် အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍ၌ ထိရောက်သော ကြီးကြပ်စစ်ဆေးမှုမဲ့ခြင်းကို ဦးတည်စေသည်။ စိုက်ပျိုးရေးကဏ္ဍ၌ ကြီးကြပ် စစ်ဆေးမှုပြုလုပ်ရန် စိန်ခေါ်မှုများ သာ၍ များလှသည်။ အဘယ်ကြောင့်ဆိုသော် စိုက်ပျိုး လုပ်ကိုင်သော စိုက်ခင်းများသည် ဝေးလံ ခေါင်ဖျားပြီး စစ်ဆေးရေးအရာရှိများ သွားရောက် ရာ တွင် အဟန့်အတားများ ရှိသောကြောင့် ဖြစ်သည်။ ထို့ကြောင့် အလုပ်သမားရေးရာ စစ်ဆေးရေးအဖွဲ့၏ စွမ်းဆောင်ရည် တိုးမြှင့်ရန် အစီအမံများ လုပ်ဆောင်သွားရေးသည် အရေးကြီး လှသည်။ ထိုသို့ အစီအမံများ ရယူလုပ်ဆောင်ရာ တွင် အောက်ပါများအတိုင်း လုပ်ဆောင်သင့် ပါသည်။ အလုပ်သမားရေးရာ တွဲဖက် စစ်ဆေးရေး အရာရှိများကို ခန့်ထားခြင်း။ အလုပ်သမားရေးရာ စစ်ဆေးရေးအရာရှိများမှ ပြည့်စုံလုံလောက်သော လခ ရရှိခြင်း။ စိုက်ပျိုးရေးကဏ္ဍတွင် ကြီးကြပ် စစ်ဆေးမှုခံရန် ဆွဲဆောင်မှုများပေးခြင်း။ အမျိုး သမီးစစ်ဆေးရေးအရာရှိကို အမျိုးသမီး အလုပ် သမားများအား စစ်ဆေးစေခြင်း။ ထိုသို့ စစ်ဆေး ခြင်းက အမျိုးသမီး အလုပ်သမားများ အတွက် ၎င်း တို့ကြုံတွေ့ရသော လိင်ပိုင်းဆိုင်ရာ ထိပါး စော်ကား ခြင်းနှင့် အလွဲသုံးစားခံရခြင်း ကိစ္စရပ်များကို သက် တောင့်သက်သာ တိုင်ကြား နိုင်မည်ဖြစ်သည်။ အလုပ်သမားရေးရာ စစ်ဆေးရေးအရာရှိများမှ ရဲဝန်ထမ်းအကူအညီ တောင်းခံလာသောအခါ ယင်းအရာရှိများကို ရဲအကူအညီ ဖြည့်ဆည်း ပေးခြင်းနှင့် စစ်ဆေးရေး အရာရှိများ လုပ်ငန်း ခွင်သို့ သွားရောက်ခြင်းအား ခွင့်ပြုရန် ပျက်ကွက် သည့် အလုပ်ရှင်များအား ပိတ်ဆို့ဒဏ်ခတ်မှု ပြုလုပ်ခြင်း စသည်တို့ ဖြစ်သည်။



VERITÉ
Fair Labor. Worldwide.

### လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ အတွက်

အလုပ်သမားလှည့်ဖြားခေါ်ယူခြင်းနှင့်ပတ်သက်၍ ဒေသခံကချင်ပြည်သူများအတွက် ၎င်းတို့ရှိရာသို့ သွားရောက်ကာ အသိအမြင်ဖွင့် သင်တန်းများ ပြုလုပ်သင့်ပါသည်။

Verité သည် ငှက်ပျောစိုက်ပျိုးမှုကဏ္ဍ၌ လှည့်ဖြား၍အလုပ်သမားခေါ်ယူနေသည့် ဖြစ်ရပ်များကို ဖော်ထုတ်ခဲ့သည်။ ထို့ပြင် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအဖွဲ့က စိုက်ပျိုးရာ နေရာဒေသသို့ သွားရောက်ကာ ယင်းနေရာများရှိ အလုပ်သမားများနှင့် ဒေသခံပြည်သူများကို အလုပ်ခေါ်ရာတွင် ဖြစ်နိုင်ခြေရှိသော လှည့်ဖြားမှုနည်းနာများအကြောင်း အမြင်ဖွင့် ပေးရန်လည်း အကြံပြုထားသည်။ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အဖွဲ့သည် ဤပတ်သက်စပ်ဆိုင်သူ (stakeholders)များ အား လူကုန်ကူးမှုကိစ္စရပ်များ တိုင်ကြားပုံ၊ ဒေသတွင်းရှိ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ခွဲရုံးများ ဆက်သွယ်ရမည့် သတင်းအချက်အလက်ပေးပုံ၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအဖွဲ့၏ လူကုန်ကူးမှုဆိုင်ရာ အရေးပေါ်ဆက်သွယ်ရန်ဖုန်းနံပါတ်(hotline) နှင့် သက်ဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်း ရုံးများ အတွက် ဆက်သွယ်ရမည့် အချက်အလက်ပေးပုံ အစရှိသည့်အကြောင်းအရာများကိုလည်း ပညာပေးသင့်ပါသည်။

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အတွက်

ပိုးသတ်ဆေး စည်းမျဥ်း၊ဥပဒေများနှင့် လျော်ညီမှု ရှိစေရန်အတွက် ငှက်ပျောစိုက်ပျိုးမှုများကို ကြည့်ရှုစစ်ဆေးပါ။

မြန်မာနိုင်ငံ ပိုးသတ်ဆေးဥပဒေ (၂၀၁၈) နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေ (၂၀၁၉) တို့အရ၊ ပိုးသတ်ဆေးများကို မှတ်ပုံတင် သုံးစွဲနေကြောင်း သေချာစေပါ။ ပိုးသတ်ဆေး သုံးသော အလုပ်သမားများ အားလုံးသည် ပြည့်စုံလုံလောက်သော အမြင်ဖွင့် သင်တန်း တက်ရောက်ထားမှု ရှိ၊မရှိကို စစ်ဆေးပါ။ တစ်ကိုယ်ရေသုံးအကာအကွယ်ပစ္စည်းကိရိယာ (PPE) ဝတ်စုံများကို အခမဲ့ ပေးထားမှု ရှိ၊မရှိ စစ်ဆေးပါ။ ထို့ပြင် ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် အသက်(၁၆)နှစ်အောက် ကလေးသူငယ်များ ပိုးသတ်ဆေးကို ကိုင်တွယ်ကြောင်း ရှိ၊မရှိ စိစစ်၊ စစ်ဆေးအတည်ပြုပါ။

### မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် အတွက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ထံမှ ခွင့်ပြုမိန့်ရရှိရန် လျှောက်တင်ထားသော ငှက်ပျောစိုက်ပျိုးရေး ကုမ္ပဏီများသည် မြန်မာနိုင်ငံ အလုပ်သမားရေးရာ ဥပဒေများကို လေးစားလိုက်နာနိုင်ကြောင်း ထင်ရှားစေရန် သေချာစေပါ။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို လိုက်နာမှုရှိကြောင်း သက်သေထင်ရှားစေရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် ၎င်းထံမှ ခွင့်ပြုချက်လျှောက်ထားသော လက်ရှိလုပ်ငန်းလုပ်ဆောင်နေသည့် စိုက်ပျိုးမှုများကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အလုပ်သမားရေးရာ စစ်ဆေးမှုအတွက် လာရောက်ခြင်းကို ခွင့်ပြုခိုင်းထားရမည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ အပိုဒ် ၆၅ (ဥ) ၌၊ မြန်မာနိုင်ငံ၏ "အလုပ်သမားရေးရာ ဥပဒေများကို လေးစားလိုက်နာရန်"မှာ ရင်းနှီးမြှုပ်နှံသူ၏ တာဝန်ဖြစ်သည် ဟု ဆိုထားသည်။ သဘောတူပါက၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှု စောင့်ကြည့်ရေးအဖွဲ့သည် စစ်ဆေးမှုများပြု၍ ပြစ်ဒဏ်များ သတ်မှတ်ကာ ရင်းနှီးမြှုပ်နှံသူအား အလုပ်သမားဥပဒေများကို လေးစားလိုက်နာစေရမည်။

### အနာဂတ်မြန်မာ့ စိုက်ပျိုးရေး EIA လမ်းညွှန်ချက်များဆိုင်ရာ လုပ်ငန်းအဖွဲ့ အတွက်

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အခြား အလုပ်သမားရေးရာ ပြဋ္ဌာန်းချက်ကို လမ်းညွှန်ချက် စာတမ်း၌ ပြည့်စုံစွာ ထည့်သွင်းပေါင်းစပ်ပါ။

ယခုဖြစ်ရပ်လေ့လာချက်များအား ရေးသားစဉ်၊ စိုက်ပျိုးရေးအထူးပြု EIA လမ်းညွှန်ချက်များအား ရေးဆွဲပြီးမြောက်ခြင်း မရှိသေးပါ။ လာမည့်အချိန်များ၌ EIA လမ်းညွှန်ချက်ကို ရေးဆွဲဖော်ဆောင်ရာတွင် လုပ်ငန်းအဖွဲ့များမှ

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာပြဋ္ဌာန်းချက်များနှင့် အခြား အလုပ်သမားရေးရာပြဋ္ဌာန်းချက်များကို လမ်းညွှန်ချက်စာတမ်းများ၌ အပြည့်အစုံ ထည့်သွင်းပေါင်းစပ်ခြင်းအား သေချာလုပ်ဆောင်သင့်ပါသည်။ ထိုသို့ထည့်သွင်းပေါင်းစပ်ရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာများကို မည့်သို့မည်ပုံ ဖြေရှင်း၊ စောင့်ကြည့်လေ့လာသွားမည့်အကြောင်းကို အသေးစိတ်ထည့်သွင်း ပေါင်းစပ်သင့်သည်။ ယခုတင်ပြပါ ဖြစ်ရပ်လေ့လာချက်၌ အသေးစိတ်ဖော်ပြထားသည့် Verité ၏ တွေ့ရှိချက်များသည် စိုက်ပျိုးရေးကဏ္ဍရှိ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာအန္တရာယ်များကို နားလည်စေရာတွင် အထောက်အကူဖြစ်နိုင်ပါသည်။

### ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန အတွက်

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာများကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက် (EIA) လုပ်ငန်းစဉ်၌ သေချာကိုင်တွယ်ဖြေရှင်းစေရန် သင်တန်းများကို တိုးမြှင့်ပါ။

ကချင်ပြည်နယ်ရှိ ငှက်ပျောစိုက်ပျိုး လုပ်ငန်းတစ်ချို့ကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက် (EIA) တရားဝင် လုပ်ဆောင်စေပါ။ ထိုသို့လုပ်ဆောင်ခြင်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနသည် ငှက်ပျောစိုက်ပျိုးမှုနှင့်အခြားစိုက်ပျိုးရေး စီမံချက်တို့နှင့် တွဲဖက်ဖြစ်ပေါ်သော လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာအန္တရာယ်များကို ထုတ်ဖော်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက် (EIA) အဖွဲ့အတွက် သင်တန်းများကို တိုးမြှင့်ပေးသင့်သည်။ ထို့အပြင် ကုမ္ပဏီများက လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လေးစားလိုက်နာမှု ရှိ၊မရှိနှင့် အလုပ်သမားနစ်နာမှုအတွက် တိုင်ကြားရေးယန္တရားတို့ကို အရာရှိများမှ အပြည့်အဝ သုံးသပ်နိုင်စေရန် ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းချုပ်ရေးအဖွဲ့ကိုလည်း သင်တန်း ပေးသင့်ပါသည်။

## အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက် အကြံပြုချက်များ

ကချင်-အခြေပြု အရပ်ဘက်လူမှု အဖွဲ့အစည်းများအကြား၊ ငှက်ပျောစိုက်ပျိုးမှုနှင့် စပ်လျဉ်း၍ ယခင်သုတေသနနှင့် အရေးဆိုတင်ပြမှုများသည် မြေယာလုပ်ပိုင်ခွင့်၊ လူထုကျန်းမာရေးနှင့် စားဝတ်နေရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုစသည်တို့နှင့် ဆက်စပ်နေသည်။ အလုပ်သမားရေးရာ အားနည်းချက်က လူမှုဝန်းကျင်အပေါ် ကြီးမားသောထိခိုက်မှုဖြစ်ပေါ်စေသည့် အဓိကအချက်တစ်ချက် ဖြစ်ကြောင်းနှင့် ကချင်ပြည်နယ်၌ နေထိုင်ကြသော ပြည်သူများအတွက် ရလဒ်ကောင်းများ တိုးတက်ဖြစ်ပေါ်ရေးအတွက် ထိခိုက်မှုဆန်းစစ်ချက်လုပ်ဆောင်ရမည့် အရေးကြီး အစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်းစဉ်းစားသင့်ကြောင်း Verité ၏ သုတေသနက ပြသနေသည်။ ယင်းကဏ္ဍ၌ အလုပ်လုပ်ကိုင်နေကြသော အလုပ်သမားများအတွက် ပိုမိုကောင်းမွန်သောရလဒ်များ ဖြစ်ပေါ်လာစေရန်၊ Verité က အရပ်ဘက်အဖွဲ့အစည်းများကို အောက်ပါအတိုင်း အကြံပြုထားသည်။

→ ပိုးသတ်ဆေးဥပဒေ၊စည်းကမ်းများကို ကုမ္ပဏီများက လိုက်နာကြောင်း သေချာစေရန်နှင့် အလုပ်သမားများအားလုံးကို ပိုးသတ်ဆေး အသုံးပြုခြင်းဆိုင်ရာ အမြင်ဖွင့်သင်တန်းများ ပေးကြောင်း သေချာစေရန်၊ တစ်ကိုယ်ရေသုံးအကာအကွယ်ပစ္စည်းကိရိယာ (PPE) ဝတ်စုံများ (ဥပမာ- နှာခေါင်းစည်းနှင့် ကာကွယ်ရေး ဝတ်စုံ)ကို အခမဲ့ရရှိကြောင်း သေချာစေရန်နှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများဖြစ်စေ၊ အသက် ၁၈ နှစ်အောက် ကလေးသူငယ်များဖြစ်စေ ပိုးသတ်ဆေးကို ကိုင်တွယ်အသုံးပြုခြင်း မရှိကြောင်း သေချာစေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လုပ်ဆောင်ရမည့် ကြီးကြပ်စစ်ဆေးမှုများ လုပ်ဆောင်ပေးရေးအတွက် အရေးဆိုတင်ပြပါ။

→ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ငှက်ပျောစိုက်ပျိုးမှုကဏ္ဍ၌ ဆောင်ရွက်ရမည့် အလုပ်သမားရေးရာ ကြီးကြပ်စစ်ဆေးမှုများ


VERITÉ
Fair Labor. Worldwide.

လုပ်ဆောင်ပေးရန်နှင့် အစိုးရမှ ယင်းကဏ္ဍကို တရားဝင်ပြုလုပ်၊ ထိန်းကျောင်းနိုင်အောင် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်ထဲ အလုပ်သမားရေးရာ ကာကွယ် စောင့်ရှောက်မှုများအား တောင့်တင်းခိုင်မာစွာ ထည့်သွင်းပေါင်းစပ်ပေးရန် အရေးဆို တင်ပြပါ။

- → ကချင်ပြည်နယ်ရှိ ငှက်ပျောစိုက်ပျိုးမှုနှင့် ပတ်သက်သော အလုပ်သမားရေးရာ အခြေအနေများကို နောက်ထပ် သုတေသန ဆောင်ရွက်ပါ (သို့မဟုတ်) မြေယာလုပ်ပိုင်ခွင့်၊ လူထုကျန်းမာရေးနှင့် စားဝတ်နေရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အစရှိသည်တို့နှင့် စပ်လျဉ်းသော ထိခိုက်မှုများသိရှိစေရန် ယင်းစိုက်ပျိုးရေးကဏ္ဍအား ဆန်းစစ်၊အကဲဖြတ်သည့် သုတေသနထဲ အလုပ်သမားရေးရာအခြေအနေများကို ထည့်သွင်းပေါင်းစပ်ပါ။

- → ဒေသခံပြည်သူများ၊ အလုပ်သမားများသည် ၎င်းတို့၏ အလုပ်သမားအခွင့်အရေးများနှင့် အထိအတွေ့ရှိပြီး နားလည်လာစေရန် ဆောင်ရွက်ပါ။ ထို့ပြင် ၎င်းတို့အား အလုပ်သမားရေးရာ အလွဲသုံးစားပြုမှုနှင့် အလုပ်သမား နစ်နာမှုများနှင့်ပတ်သက်၍ မည်သို့မည်ပုံတိုင်ကြားနိုင်ကြောင်း သတင်းအချက်အလက်များ ပေးပါ။

## ကုမ္ပဏီများအတွက် အကြံပြုချက်များ

ငှက်ပျောစိုက်ပျိုးရေး ကုမ္ပဏီများသည် အောက်ဖော်ပြပါ အကြံပြုချက်များမှတဆင့် အလုပ်သမားများအား မြန်မာနိုင်ငံအလုပ်သမား ဥပဒေများနှင့်အညီ ၎င်းတို့ခံစားခွင့်ရှိသည့် အလုပ်သမားရေးရာအခွင့်အရေးကို အပြည့်အဝခံစားနိုင်ကြောင်း အာမခံသင့်သည်။

- → အလုပ်သမားများက ၎င်းတို့၏ အလုပ်ခန့်ထားရေးစာချုပ်ပါ အကြောင်းအရာများကို ပိုမိုနားလည်လာစေရန် အစီအမံများ ရယူဆောင်ရွက်ပါ။
- → အလုပ်မှထုတ်ပယ်ခံခဲ့ရသည့်တိုင် (သို့မဟုတ်) စာချုပ်အဆုံးသတ်သွားသည့်တိုင် အလုပ်သမားတိုင်း မြန်မာနိုင်ငံဥပဒေအရ အနိမ့်ဆုံးလုပ်အားခ ရရှိစေမည်ဖြစ်ကြောင်း ပြဋ္ဌာန်းပါ။

- → အလုပ်သမားများသည် ၎င်းတို့ပိုင် နိုင်ငံသားစိစစ်ရေးကဒ်ပြားများကို ကိုင်ဆောင်ခွင့်ရှိပြီး စိုက်ပျိုးခင်း ပြင်ပသို့ လွတ်လပ်စွာ သွားလာခွင့် ရှိကြောင်း သေချာစေပါ။
- → အလုပ်သမားများသည် ဥပဒေကခွင့်ပြုသော အချိန်ပိုအတိုင်းအတာအတွင်း အလုပ်လုပကြကြောင်းနှင့် ဒဏ်ခတ်ခြင်းမခံရဘဲ နားရက်များနှင့်ခွင့်ရက်များ ယူနိုင်ကြောင်း အာမခံပေးပါ။

- → ပြည့်စုံလုံလောက်သော အနားယူမှုများ အမှန်တကယ်ရှိစေရန် အလုပ်သမား အားလုံးကို လုံခြုံပြီး သင့်တင့်ကောင်းမွန်သော လုပ်ငန်းခွင် ဖန်တီး၊ဖြည့်ဆည်းပေးပါ။ သောက်သုံးနိုင်သော သောက်ရေ ရရှိစေရန် ဆောင်ရွက်ပေးပါ။ တစ်ကိုယ်ရေ အကာ အကွယ်သုံးပစ္စည်းကိရိယာ (PPE) များကို အခမဲ့ ပေးပါ။ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ကလေးသူငယ်များကို ပိုးသတ်ဆေး အသုံးမပြုစေပါနှင့်။ အလုပ်သမားများကို ပိုးသတ်ဆေး သုံးနည်း သင်ပေးပါ။ ထို့ပြင် အလုပ်သမားများသည် ဆေးကုသခွင့် ရရှိနိုင်ပါစေ။

- → အသက် (၁၈)နှစ်အောက်များကို အလုပ်သမားအဖြစ် ခိုင်းစေမှုအား ရှောင်ရှားနိုင်ရန် အစီအမံများနှင့် စိုက်ပျိုးခင်းများ၌ လုပ်ကိုင်နေကြသော အသက် (၁၈)နှစ်အောက် ကလေးသူငယ်များကို ပညာရေးနှင့်/သို့မဟုတ် အန္တရာယ်မများသော အလုပ်များ ( အန္တရာယ်ရှိသော အလုပ်များတွင် ပိုးသတ်ဆေး အသုံးပြုရခြင်း သို့မဟုတ် ချွန်ထက်သောပစ္စည်းများ ကိုင်တွယ်အသုံးပြုခြင်း တို့ပါဝင်သည်) သို့လွှဲပြောင်းပေးခြင်း အပါအဝင် အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေမှုအား ဖြေရှင်းရန် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ဖော်ဆောင်ပါ။

ဇယားကွက်- အလုပ်သမားရေးရာအခြေအနေများကို စောင့်ကြည့်လေ့လာရန်အတွက် စိုက်ပျိုးရေးကဏ္ဍရှိ မြန်မာအစိုးရဝန်ကြီးဌာနများ၏ တာဝန်ဝတ္တရားများ

| တာဝန်ဝတ္တရား | တာဝန်ရှိ ဝန်ကြီးဌာန | ဆက်စပ်ဥပဒေများ |
|---|---|---|
| စိုက်ပျိုးရေးကဏ္ဍရှိ အခမ္မ ခိုင်းစေမှုနှင့် ကလေးသူငယ် အလုပ်သမား၊ လုပ်အားခ၊ လစာ၊ အချိန်ပိုနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး စသည်တို့နှင့်စပ်ဆိုင်သော ဥပဒေများအပါအဝင် နိုင်ငံ၏ အလုပ်သမားရေးရာ ဥပဒေများကို လိုက်နာလာအောင် သေချာဆောင်ရွက်ခြင်း | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန | ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၆)<br>၁၉၅၁ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၆)<br>၂၀၁၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေ ဥပဒေနှင့် ယင်းဥပဒေ ကို ပြင်ဆင်သည့် ဥပဒေအမှတ်၂/၂၀၁၈<br>၂၀၁၆ ခုနှစ်၊ အခကြေးငွေ ပေးချေရေး ဥပဒေ<br>၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၀၆)<br>၂၀၁၁ ခုနှစ်၊ အလုပ်သမား အဖွဲ့အစည်း ဥပဒေ<br>၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေ (၂၀၁၂)<br>ကလေးသူငယ် အခွင့်အရေး များဆိုင်ရာ ဥပဒေ (၂၀၁၂)<br>၂၀၁၃ ခုနှစ်၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ<br>၁၉၂၃ ခုနှစ်၊ အလုပ်သမား လျော်ကြေး အက်ဥပဒေ<br>ဥပဒေနှင့်ဆန့်ကျင်သော အတင်း အခမ္မခိုင်းစေမှုဆိုင်ရာ ရာဇသတ်ကြီး ပုဒ်မ ၃၇၄။<br>ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေ (၂၀၁၂)<br>၂၀၁၉ ခုနှစ်၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေ |

| | | |
|---|---|---|
| အလုပ်ခိုင်းစေရန်အတွက် လူကုန်ကူးခြင်းအပါအဝင် လူကုန်ကူးမှုစောင့်ကြည့်လေ့လာခြင်းနှင့် ကာကွယ်တားဆီးခြင်း | လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ | ၂၀၀၅ ခုနှစ်၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေ<br>ဥပဒေနှင့်ဆန့်ကျင်သော အတင်းအဓမ္မခိုင်းစေမှုဆိုင်ရာ ရာဇသတ်ကြီး ပုဒ်မ ၃၇၄။<br>ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေ (၂၀၁၂) |
| ပိုးသတ်ဆေးနှင့်သက်ဆိုင်သော ဥပဒေများကို သေချာ လိုက်နာစေခြင်းနှင့် ယာခင်းအလုပ်သမားများ၏ ကျန်းမာရေးနှင့် လုံခြုံမှုဆိုင်ရာ သင်တန်းများ ပြုလုပ်ခြင်း | စိုက်ပျိုးပင် ကာကွယ်စောင့်ရှောက်ရေး အဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေ (၂၀၁၉)<br>ပိုးသတ်ဆေး ဥပဒေ (၂၀၁၆) |
| မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ကုမ္ပဏီများအား စိုက်ပျိုးရေး ကဏ္ဍ၌ ရင်းနှီး မြှုပ်နှံခြင်း အပါအဝင် မြန်မာနိုင်ငံတစ်ဝန်း ရင်းနှီးမြှုပ်နှံခွင့်ကို သဘောတူ ခွင့်ပြုပေးရသည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အင်တာနက်စာမျက်နှာပါအရ၊ ကုမ္ပဏီများသည် ခွင့်ပြုချက် ရရှိရန် မြန်မာနိုင်ငံရှိ "အလုပ်သမားရေးရာ ဥပဒေများကို လိုက်နာရမည်" ဟုဆိုထားသည်။ | မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် | ၂၀၁၆ ခုနှစ်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ<br>၂၀၁၂ ခုနှစ်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ<br>၂၀၁၅ ခုနှစ်၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း |
| သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ရေးအဖွဲ့သည် လူမှုရေးရာထိခိုက်နိုင်ခြေများကို သိရှိရန်အတွက် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အပါအဝင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက်အား ဆောင်ရွက်သည်။ | ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ၂၀၁၂ ခုနှစ်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ<br>၂၀၁၅ ခုနှစ်၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း<br>လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေ (၂၀၁၉)<br>အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေ (၂၀၁၂) |

# ဖြစ်ရပ်လေ့လာချက်

## မြန်မာပြည် မြောက်ပိုင်းရှိ တရားမဝင် အသေးစား သစ်ထုတ်လုပ်မှု၌ရှိ အလုပ်သမားရေးရာ၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်များ

မြန်မာပြည်မြောက်ပိုင်းရှိ တရားမဝင် သစ်ထုတ်လုပ်မှု ဆိုင်ရာ ဖြစ်ရပ်လေ့လာချက်တွင်၊ Verité သည် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးများ၏ အစိုးရထိန်းချုပ်နယ်မြေများအတွင်း တရားမဝင် အသေးစား သစ်ထုတ်လုပ်နေမှုမှ အလုပ်သမားရေးရာ အခြေအနေများကို ဆန်းစစ်နိုင်ရန် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

### အလုပ်သမားများ၏ လူမှုပထဝီ

Verité ၏ အင်တာဗျူးက တရားမဝင်သစ်ထုတ်လုပ်မှုကဏ္ဍတွင် အမျိုးသမီးများနှင့် အသက် ၁၈ နှစ်အောက်ကလေးသူငယ်များလည်း တစ်ခါတစ်ရံ ပါဝင်လုပ်ကိုင်ကြောင်း ပြသနေသော်လည်း၊ တရားမဝင်သစ်ထုတ်လုပ်မှုမှ အလုပ်သမားများသည် အဓိကအားဖြင့် အရွယ်ရောက်ပြီး အမျိုးသားများ ဖြစ်ကြသည်ကို တွေ့ရသည်။ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းဒေသကြီး၏ ကျေးရွာများရှိ တရားမဝင်သစ်ထုတ်လုပ်မှုများတွင် အမျိုးသားများနှင့် အမျိုးသမီး နှစ်မျိုးလုံး ပါဝင်လုပ်ကိုင်နေသည့် ပုံစံဖြင့် သတင်းမီဒီယာအစီရင်ခံစာများက ထပ်လောင်းအတည်ပြု ပြောဆိုထားသည်။ အမျိုးသမီးများနှင့် ကလေးသူငယ်များလည်း စိုက်ထင်းနှင့်မီးသွေးများအတွက် တောထွက်ပစ္စည်းများ ရှာဖွေရာတွင် ပါဝင်ကြောင်း အများပြောပြချက်အရ သိရသည်။

လူတွေ့မေးမြန်းခံသူ အားလုံးဖြေကြားသည်မှာ ၎င်းတို့သည် ၃-၅ ယောက်ပါ အဖွဲ့များဖွဲ့၍ အလုပ်လုပ်ကြကြောင်း ဆိုသည်။ အဖွဲ့တိုင်းတွင် အဖွဲ့ဝင်များကို ကြီးကြပ်ပေးရန် ခေါင်းဆောင်တစ်ဦးစီ ထားရှိကြသည်။ ကိုယ်စားလှယ် (သို့မဟုတ်) ပွဲစားများသည် သစ်ထုတ်သော အဖွဲ့များ(အဖွဲ့ခေါင်းဆောင်)နှင့် နှစ်ဖက်ညှိနှိုင်း၊ ဆက်ဆံလေ့ရှိပြီး ၎င်းတို့ဝယ်ယူလိုသော သစ်အမျိုးအစားနှင့် (တန်ချိန်)ပမာဏများကို ပြောကာ ဈေးနှုန်းကို ညှိနှိုင်း၊သဘောတူကြသည်။ အဖွဲ့ခေါင်းဆောင်ကို ငွေပေးချေခြင်းနှင့် လိုအပ်သော ပမာဏအချက်အလက်များ ပေးခြင်းမှအပ ကိုယ်စားလှယ်များသည် အခြားစီမံခန့်ခွဲမှု/ကြည့်ရှုစစ်ဆေးမှု လုပ်စရာမလိုသလောက်ရှိသည်။ လက်ခံဖြေကြားသူ တစ်ဦးမှအပ ကျန်သောသူအားလုံး ပြောပြသည်မှာ ၎င်းတို့သည် တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၏ အကျိုးစီးပွားအတွက် အလုပ်လုပ်သော

ကိုယ်စားလှယ်များနှင့်ဖြစ်စေ၊ ပွဲစားများနှင့်ဖြစ်စေ အလုပ် အတူလုပ်ကြရသည်ဟု ဆိုသည်။ သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ဦး၏ အဆိုအရ၊ စစ်ကိုင်းတိုင်းဒေသရှိ (ယင်းဒေသ၌ လူတွေ့မေးမြန်းမှု အများစုကို ပြုလုပ်ခဲ့သည်) သစ်များရွေးချယ်ထုတ်လုပ်နေမှုသည် တရုတ်စီးပွားရေးလုပ်ငန်းများနှင့် အထူးသဖြင့် ဆက်စပ်တွဲဖက်နေသည်။

တရားဝင် သစ်တောကဏ္ဍသည် လူပေါင်း ၈၈၆,၇၇၇ နီးပါး (မြန်မာနိုင်ငံ၏ စုစုပေါင်း အလုပ်သမား၏ ၄ ရာခိုင်နှုန်း)ကို အလုပ်ခန့်ထားသည်။ သို့သော်၊ ယင်းခန့်မှန်းချက်တွင် တရားမဝင်သစ်တောကဏ္ဍ၌ (သို့မဟုတ်) MTEထံမှ ထပ်ဆင့်စာချုပ်ဖြင့် လုပ်ကိုင်သော ကုမ္ပဏီများ၌ လုပ်ကိုင်နေသူများ မပါဝင်ပါ။

တရားမဝင်သစ်ထုတ်လုပ်မှု၏ ကြီးမားကျယ်ပြောမှုကြောင့်သော်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်းရှိ ပြည်နယ်နှင့်တိုင်းဒေသကြီးများ (အထူးသဖြင့် လူနည်းစုတိုင်းရင်းသား ဒေသများ) တစ်လျှောက် ကျယ်ပြန့်လှသော ပထဝီအနေအထား ကွဲလွဲမှုများကြောင့်သော်လည်းကောင်း၊ လိုအပ်သော အချက်အလက်များ မရရှိမှုကြောင့်သော်လည်းကောင်း ၊ အလုပ်သမားများ၏ ကျား-မဖြစ်တည်မှု၊ အသက်၊ တိုင်းရင်းသားဖြစ်တည်မှု၊ သို့မဟုတ် တရားမဝင်သစ်ထုတ်လုပ်မှုကဏ္ဍရှိ အလုပ်သမားများ၏ မူလနေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစရှိသော လူမှုပထဝီ အချက်အလက်များကို အပြည့်အဝ စိတ်ဖြာ၊သုံးသပ်ထားခြင်း မရှိပါ။

## တွေ့ရှိချက်များ အကျဉ်းဖော်ပြချက်

ကျွန်းသစ်နှင့် ပရိဘောဂသုံးသစ်မျိုးများကို တရားမဝင်ထုတ်လုပ်ရာတွင် ဆိုးရွားသော အလုပ်သမားအခွင့်အရေး အလွဲသုံးစား၊ခေါင်းပုံဖြတ်မှုများ ရှိကြောင်း ကွင်းဆင်းသုတေသနက ထုတ်ဖော်ခဲ့သည်။ အရေးကြီးဆုံးမှာ၊ အဆိုးရွားဆုံးပုံစံဖြင့် ကလေးသူငယ်များအားခိုင်းစေမှု အပါအဝင်၊ အသက် ၁၈နှစ်မပြည့်သေးသော ကလေးလုပ်သားခိုင်းစေမှု မြှင့်မားလျက်ရှိကြောင်း သုတေသနက ဖော်ထုတ်ခဲ့သည်။ Verité အင်တာဗျူးခဲ့သော အလုပ်သမားအားလုံးပြောပြသည်မှာ ၁၈နှစ်မပြည့်သေးသော ကလေးသူငယ်များအား အနည်းဆုံး အကြောင်းရင်း ၂မျိုးဖြင့် တရားမဝင် သစ်ထုတ်လုပ်မှု၌ ခိုင်းစေနေသည်ကို ကိုယ်တိုင်တွေ့ရှိခဲ့ကြကြောင်း ဆိုသည်။ ယခုကဲ့သို့သော အလုပ်သမားခိုင်းစေမှုသည် အဆိုးရွားဆုံးသော ကလေးသူငယ်ခိုင်းစေမှုပုံစံများ မြောက်ကြောင်း Verité က ယုံကြည်သည်။ အဘယ်ကြောင့်ဆိုသော် ထိုလုပ်ရပ်သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြစ်သော "သဘောသဘာဝအားဖြင့်သော်လည်းကောင်း၊ လုပ်ကိုင်ဆောင်ရွက်ရသော အခြေအနေအားဖြင့်သော်လည်းကောင်း ကျန်းမာရေးနှင့် လုံခြုံမှုကို (သို့မဟုတ်) ကလေးသူငယ်များ၏ ကိုယ်ကျင့်တရားကို ထိခိုက်စေရန် သေချာသည့် အလုပ်" ဟူသော အဓိပ္ပါယ်ထဲ ကျရောက်သောကြောင့် ဖြစ်သည်။

TEAK LOGS STACKED BESIDE A RIVER IN BURMA





VERITÉ Fair Labor. Worldwide.

Verité ၏ကွင်းဆင်းသုတေသနသည် အလုပ်သမားရေးရာအခြေအနေများနှင့် ဆက်စပ်၍ အောက်ဖော်ပြပါ စိုးရိမ်မှုများကို ဖော်ထုတ်ခဲ့သည်။-

- → သစ်ဖြတ်စက်သံကြိုးလွှဖြင့် သစ်ပင်များကို ခုတ်လဲရခြင်း အစရှိသော အန္တရာယ်များသည့် လုပ်ငန်းဆောင်တာများ၌ ပါဝင်လုပ်ကိုင်နေသော ၁၈နှစ်အောက် ကလေးသူငယ်များ - အသက် ၁၈နှစ်အောက် ကလေးသူငယ်များသည် သစ်ဖြတ်စက်သံကြိုးလွှကို ကိုင်တွယ်အသုံးပြုနေကြသည်ကို တွေ့ရှိသိမြင်ခဲ့ကြောင်း လူတွေ့မေးမြန်းခံ အလုပ်သမားအများအပြားက ဆိုသည်။ ထို့အပြင် ကလေးသူငယ်များသည် အန္တရာယ်များသော လုပ်ငန်းဆောင်တာများကို လုပ်ဆောင်ကြရသည်။ ဥပမာ- အလေးအပင်များ သယ်ဆောင်ရ‌ခြင်းနှင့် ဆိုးရွားလှသော ရာသီဥတုအောက်၌ အလုပ် လုပ်ကြရသည်။

- → သစ်ထုတ်စခန်းများ၌ ရှိစဉ် အသက် ၁၈နှစ်အောက် ကလေးသူငယ်များသည် "ရာဘ" (မယ်တာဖီတမင်း)နှင့်/သို့မဟုတ် ဘိန်းဖြူကို သုံးစွဲကြသည်- မူးယစ်ဆေးဝါးသုံးစွဲမှုသည် အလွန်အကျွံ ဆိုးရွားနေသောကြောင့် သစ်ထုတ်လုပ်မှုကဏ္ဍ၌ လုပ်ကိုင်နေသော ကလေးသူငယ်များ၏ အသက်ရှည်နေထိုင်နိုင်မှု ပျမ်းမျှသက်တမ်းမှာ တိုတောင်းသွားနိုင်သည်။

***According to the stakeholders interviewed, there is a general sentiment among communities that life is more difficult than in the past due to lost access to productive forest products and extreme heat and dryness, making it more difficult to farm.***

- → တရားမဝင် သစ်ထုတ်လုပ်မှုကဏ္ဍ၌ အလုပ် လုပ်ကိုင်စဉ် ထိခိုက်ဒဏ်ရာ ရရှိမှုနှင့် တစ်ခါတစ်ရံ သေဆုံးမှု ဖြစ်ပွားသည့်ပမာဏ မြင့်တက်-လက်ခံဖြေကြားသူ အများစု ပြောပြသည်မှာ ဆိုးရွားသော ထိခိုက်ဒဏ်ရာ ရရှိစေသော မတော်တဆဖြစ်မှုများ ရှိခဲ့ကြောင်း ဆိုသည်။ ဥပမာ- ခြေလက်အင်္ဂါ ဖြတ်တောက်လိုက်ရခြင်း (သို့မဟုတ်) သေဆုံးခြင်း။ ဆက်လက်၍ ပြောပြသည်မှာ ၎င်းတို့သည် သစ်များကို ထုတ်ရာတွင် မည်သည့်အကာအကွယ်ပစ္စည်းကိရိယာ (ဥပမာ- အမာစားဦးထုပ်၊ ဘက်စုံသုံး ယူနီဖောင်းဝတ်စုံများ၊ မျက်စိကာ မျက်မှန်များ သို့မဟုတ် အလုပ်စီးဘွတ်ဖိနပ်) ကိုမျှ မရရှိကြောင်း ဆိုကြသည်။

- → အကယ်၍ ထိခိုက်၊ဒဏ်ရာရသည်ဖြစ်စေ၊ သေဆုံးသည်ဖြစ်စေ အလုပ်သမားများနှင့် ၎င်းတို့၏မိသားစုဝင်များသည် နစ်နာမှုငွေကြေးကို ရရှိရန် မသေချာလှပါ-မတော်တဆဖြစ်ခဲ့သည်ကို ကိုယ်တွေ့သိမြင်ခဲ့သော လူတွေ့မေးမြန်းခံ အလုပ်သမားများအနက်၊ အများစုပြောပြသည်မှာ အကယ်၍ အလုပ်သမားက ထိခိုက်ဒဏ်ရာရသည်ဖြစ်စေ၊ သေဆုံးသည်ဖြစ်စေ နစ်နာသူအလုပ်သမားများ (သို့မဟုတ်) ၎င်းတို့၏မိသားစုဝင်များသည် နစ်နာကြေးများ မရရှိကြောင်း ဆိုကြသည်။ အလုပ်သဘာဝကိုက တရားမဝင်သောကြောင့် အလုပ်သမားများနှင့် ၎င်းတို့၏မိသားစုဝင်များအတွက် အကူအညီလှမ်းတောင်းစရာ လမ်းကြောင်း အနည်းငယ်သာ ရှိနေသည်။

အလားအလာကောင်းသော စားဝတ်နေရေးအခွင့်အရေးများ မရရှိသည့်အချက် အပါအဝင် စီးပွားရေးအချက်အမျိုးမျိုးကြောင့် သစ်ထုတ်လုပ်မှုလုပ်ငန်းထဲသို့ အလုပ်သမားများ မဖြစ်မနေအတင်းဝင်ရောက်လုပ်ကိုင်နေရကြောင်း Verité ၏ကွင်းဆင်းသုတေသနက တွေ့ရှိခဲ့သည်။ ထို့အပြင် သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်း၊ ယင်းပျက်စီးခြင်းနှင့်တွဲဖက်ဖြစ်ပေါ်လာသော ထိခိုက်မှုများကိုလည်း ပံ့ပိုးဖြစ်စေနေသည်။ ယင်းသို့ ထိခိုက်၊ပျက်စီးမှုများက အနီးအနားရှိဒေသခံပြည်သူများအတွက် သစ်တောထွက်ပစ္စည်းများရယူသုံးစွဲနိုင်ခြင်းကို အကန့်အသတ်ဖြစ်စေပြီး အကာအကွယ်ပေးနေသော သစ်တော၏ အသုံးဝင်မှုများကို အကျိုးခံစားနိုင်ခြင်း လျော့ကျစေလေသည်။



VERITÉ Fair Labor. Worldwide.

Verité အင်တာဗျူးခဲ့သော အလုပ်သမားများသည် ၎င်းတို့၏ နေ့စဉ်ဝင်ငွေအတွက်သော်လည်းကောင်း၊ ၎င်းတို့မိသားစုဝင်များ၏ အစားအသောက်အတွက်သော်လည်းကောင်း၊ သစ်တောများအပေါ် မှီခိုအားထားပြုကြောင်း ဖြေကြားခဲ့ကြသည်။ Verité မှ အင်တာဗျူးအများစု လုပ်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသရှိ ကသာနှင့် ထီးချိုင့် မြို့နယ်များတွင် အလွန်အကျွံ သစ်ထုတ်လုပ်မှု (အထူးသဖြင့် ၁၉၉၀ခုနှစ်များနှင့် ၂၀၀၀ ခုနှစ်များ၌) သည် အလျှင်အမြန်သစ်တောပြုန်းတီးမှုကို ဖြစ်စေရာတွင် အဓိကအခန်းကဏ္ဍ၌ ရှိနေပြီး ယင်းလုပ်ရပ်က ဒေသခံပြည်သူများ၏ စားဝတ်နေရေးအပေါ် အကျိုးသက်ရောက်မှုများ ရှိသည်။

LOGS TRANSPORTED VIA RIVER BARGE IN BURMA



Verité အင်တာဗျူးခဲ့သည့် ထီးချိုင့်၊ ကောလင်းနှင့် ကသာ (ယင်းဒေသအားလုံးသည် စစ်ကိုင်းတိုင်းဒေသကြီး ထဲ၌ရှိသည်) တို့မှ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွ လှုပ်ရှားသူများ မှတ်ချက်ပြု ပြောဆို သည်မှာ စိုက်ထင်း၊ ဝါး၊ ဝါးမြစ်များ၊ သစ်ခွပင်များ၊ အသေးစားမှဆိုးလိုက်သားကောင်ပစ်ခြင်း အစရှိသည်များ အတွက် သစ်တောများကို ထိရောက်၊အကျိုးရှိစွာ အသုံးပြုကြကြောင်း ဆိုသည်။

ယခင်ကဆိုလျှင်၊ ဤနေရာဒေသတွင်းနှင့် ဒေသတစ်ဝိုက်ရှိ ဒေသခံပြည်သူများသည် ကြီးကြီးမားမား ရင်းနှီးမြှုပ်နှံစရာမလိုဘဲ သစ်တောထွက်ပစ္စည်းများကို သာ၍အလွယ်တကူ ရယူသုံးစွဲနိုင်ခဲ့သည်။ *သို့သော် ယခုချိန်တွင် ဝေးလှသောနေရာသို့ မသွားရောက်ဘဲ ဖော်ပြပါသစ်တောထွက် ပစ္စည်းများကို ရယူသုံးစွဲရန်မှာ ခက်ခဲလွန်းလှသည်။ အင်တာဗျူးခဲ့သည့် ပတ်သက်စပ်ဆိုင်သူ (stakeholders) များပြောပြချက်အရ၊ ဒေသခံပြည်သူများအကြား ဖြစ်ပေါ်နေသည့် စိတ်ခံစားချက်၊သဘောထား တစ်ခုမှာ- အကျိုးရှိ၊ဖြစ်ထွန်းသော သစ်တောထွက်ပစ္စည်းများ ရယူသုံးစွဲနိုင်မှု ဆုံးရှုံးသွားခြင်းနှင့် ပူလွန်းလှပြီး ခြောက်သွေ့လွန်းသော ရာသီဥတုတို့ကြောင့် လယ်ယာလုပ်ကိုင်ရန် ပိုမိုခက်ခဲလာခြင်းတို့သည် ၎င်းတို့၏ ဘဝကို ယခင်ကထက်စာလျှင် ပို၍ ခက်ခဲစေပြီ- ဟူ၍ ဖြစ်သည်။*

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အချက်များသည် ဒေသခံပြည်သူများကို အခြားသစ်တောရှိရာ နေရာများသို့လည်းကောင်း၊ ပြည်တွင်း၊ပြည်ပသို့ အလုပ်အခွင့်အလမ်းအတွက် ရွှေ့ပြောင်းစေရာတွင်လည်းကောင်း အနည်းဆုံး အခန်းကဏ္ဍတစ်ခုမျှတော့ ရှိသည်ဟု သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားသူများက အခိုင်အမာဆိုထားသည်။ ဒေသခံပြည်သူများက အလုပ်အကိုင်ရှာဖွေရန် နိုင်ငံခြားသို့ ရွှေ့ပြောင်းသွားကြောင်း လူတွေ့မေးမြန်းခံ သစ်ထုတ်သူတစ်ချို့ မှတ်ချက်ပြုပြောပြသည်။ ပြည်တွင်း၌ဆိုလျှင်၊ ကချင်ပြည်နယ်ရှိ ဖားကန့်သို့ ကျောက်စိမ်းတူးဖော်ရန် သွားရောက်ခြင်း၊ ကချင်ပြည်နယ်ရှိ စိုက်ပျိုးရေး စိုက်ခင်းများသို့ သွားရောက်လုပ်ကိုင်ခြင်း (ဝိုင်းမော်မြို့နယ်ရှိ ငှက်ပျောစိုက်ခင်းများ အပါအဝင်) တို့ဖြစ်သည်။ ပြည်တွင်း၊ ပြည်ပ ကဏ္ဍ (၂) ခုလုံးတွင် အဓမ္မအလုပ်ခိုင်းစေမှုနှင့် အလုပ်သမားရေးရာခေါင်းပုံဖြတ်မှု တို့ တွဲကပ်၊ ပါရှိနေသည်။

## အကြံပြုချက်များ - မြန်မာပြည်မြောက်ပိုင်း တရားမဝင် သစ်ထုတ်လုပ်မှုရှိ ငှက်ပျောစိုက်ပျိုးမှုများနှင့် ဆက်စပ်ဖြစ်ပေါ်သော အလုပ်သမားရေးရာ အခြေအနေများကို တိုးတက်ကောင်းမွန်စေခြင်း

ကျွန်းသစ်နှင့် ပရိဘောဂသုံးသစ်မျိုးများကို တရားမဝင် သစ်ထုတ်လုပ်ခြင်းနှင့် ဆက်စပ်ဖြစ်ပေါ်သော ကလေးအလုပ်သမား များအား ခိုင်းစေနေမှုနှင့် ထိခိုက်၊သေဆုံးသော ပမာဏ မြင့်မားမှုတို့ အပါအဝင် အလုပ်သမားရေးရာ အန္တရာယ်များစွာကို Veritéဏ် ကွင်းဆင်းသုတေသနက ဖော်ထုတ်ထားသည်။ မြန်မာနိုင်ငံတော်အစိုးရ၊ မြန်မာနိုင်ငံမှသစ် တင်သွင်းသော နိုင်ငံများနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများ အနေနဲ့ ယင်းအန္တရာယ်များကို တိုက်ဖျက်ရန် အရေးပေါ် စီမံချက်များ လုပ်ဆောင်ရေးသည် အလွန်အရေးကြီးသည်။ အောက်ဖော်ပြပါသည် Verité ဏ် မြန်မာပြည်မြောက်ပိုင်း၌ တရားမဝင်သစ်ထုတ်လုပ်မှု ဖြစ်ရပ်လေ့လာချက် အစီရင်ခံစာမှ ရရှိသော အကြံပြုချက်များကို အကျဉ်းဖော်ပြထားခြင်း ဖြစ်သည်။
မြန်မာ့ သစ် ထုတ်လုပ်ဖြန့်ဖြူးမှုကွင်းဆက်ဏ် ရှုပ်ထွေးသောသဘာဝနှင့် ပွင့်လင်းမြင်သာမှု မရှိခြင်း တို့သည် တရားဝင်အောင် ပြုလုပ်ရာတွင် အဓိကစိန်ခေါ်ချက်တစ်ရပ် ဖြစ်သည်။ ဆိုလိုသည်မှာ ယင်းအလုပ်သမားရေးရာ အန္တရာယ်များက မြန်မာ့သစ်များ တရားဝင် ထုတ်လုပ်ဖြန့်ဖြူးမှုကွင်းဆက်အထိ ပါဝင်ဆက်နွယ်လာနိုင်သည်။ မြန်မာ့သစ်လုပ်ငန်း (MTE)ကသော်လည်းကောင်း၊ MTEထံမှ ထပ်ဆင့်စာချုပ်ဖြင့် လုပ်ကိုင်သော ကုမ္ပဏီများ(ယခုတွင် ဝန်ဆောင်မှုပေးသူများ ဟုလူသိများသည်) ခိုင်းစေသည့် အလုပ်သမားများဏ် အလုပ်သမားရေးရာ အခြေအနေများနှင့် ပတ်သက်၍ သတင်းအချက်အလက်များ၌ ကြီးမားသောကွာဟချက်များ ရှိနေသည်။

Verité ဏ်ကွင်းဆင်းသုတေသန၌ ထုတ်ဖော်ထားသည့် အလုပ်သမားရေးရာ အခြေအနေများသည် တရားဝင်မြန်မာ့သစ်တောကဏ္ဍ၌ ရှိနိုင်ခြေ ရှိသည်။ ထို့ပြင် အစိုးရခွင့်ပြုချက်ဖြင့် သစ်ထုတ်လုပ်နေမှုများရှိ အလုပ်သမားရေးရာ အခြေအနေများကို ဆန်းစစ်သုံးသပ်နိုင်ရန် သုတေသနပေါင်း များစွာပြုလုပ်ရန် လိုသည်။ အထူးသဖြင့် သစ်များကို တရားဝင်သစ်တော အသိအမှတ်ပြုလက်မှတ် စံနှုန်းများနှင့်အညီ ဖြစ်အောင် ထည့်သွင်းစဉ်းစားရာတွင် သုတေသနများကို ထပ်မံလုပ်ဆောင်ရန် လိုအပ်နေသည်။

သစ်တောကဏ္ဍရှိ အလုပ်သမားရေးရာ အန္တရာယ်များကို ဖြေရှင်းနိုင်ရန်၊ Veritéသည် မြန်မာအစိုးရ၊ မြန်မာ့သစ်လုပ်ငန်း (MTE)နှင့် MTEထံမှ ထပ်ဆင့်စာချုပ်ဖြင့် လုပ်ကိုင်သော ကုမ္ပဏီများ၊ မြန်မာပြည်မှ သစ်နှင့် သစ်သားဖြင့် ပြုလုပ်ထားသော ပစ္စည်းများ တင်သွင်းသော နိုင်ငံများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများကို အောက်ပါအကြံပြုချက်များ တင်ပြပေးထားသည်။-

### အစိုးရအတွက် အကြံပြုချက်များ

- → လူကုန်ကူးမှု၊ အဓမ္မခိုင်းစေမှု၊ ကလေးသူငယ် အလုပ်သမားနှင့် မြန်မာ့အလုပ်သမားရေးရာ ဥပဒေ လိုက်နာခြင်း စသည်တို့ကို သစ်တရားဝင်မှု အဓိပ္ပါယ်ဖွင့်ဆိုများနှင့် အသိအမှတ်ပြုအစီအစဉ်များ (မြန်မာ့သစ် တရားဝင်မှုအာမခံစနစ်)၌ ထည့်သွင်းရေးကို ဥပဒေပြဋ္ဌာန်းကာ အကောင်အထည် ဖော်ဆောင်ရွက်ပါ။ ထို့ပြင် သစ်တောကဏ္ဍ၌ အလုပ်သမားရေးရာ ဥပဒေအား လိုက်နာမှု ရှိ၊မရှိ တောင့်တင်းခိုင်မာသော စောင့်ကြည့် လေ့လာ သည့်စနစ်များကို ပြဋ္ဌာန်း၊ အကောင်အထည်ဖော် ဆောင်ရွက်ရန်အကြံပြုပါသည်။
- → အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ (ILO) သဘောတူစာချုပ်များဖြစ်သော သဘောတူစာချုပ် ၂၉ (အဓမ္မခိုင်းစေမှု)၊ သဘောတူစာချုပ် ၁၈၂ (ကလေးအလုပ်သမားများအား အဆိုးရွားဆုံး ခိုင်းစေမှု)၊


VERITÉ
Fair Labor. Worldwide.

သဘောတူစာချုပ် ၁၃၈ (အနိမ့်ဆုံးတရားဝင်အသက်)နှင့် စိုက်ပျိုးရေးကဏ္ဍရှိ လူကုန်ကူးမှု၊ အဓမ္မခိုင်းစေမှုနှင့် ကလေးအလုပ် သမားဆိုင်ရာ ပြည်တွင်းဥပဒေများ အပါအဝင် မြန်မာနိုင်ငံမှ လိုက်နာကျင့်သုံးရန် သဘောတူလက်မှတ်ထိုးထားသည့် (ILO) သဘောတူစာချုပ်များကို အတည်ပြု၊ထိန်းသိမ်းကိုင်စွဲသင့်ပါသည်။

- → တရားဝင်နှင့် တရားမဝင် သစ်တောကဏ္ဍနှစ်မျိုးလုံး၌သော်လည်းကောင်း၊ သစ်နှင့် သစ်သားဖြင့်ထုတ်လုပ်သော ပစ္စည်းများအား ထုတ်လုပ်ဖြန့်ဖြူးသောကွင်းဆက်များ၌သော်လည်းကောင်း လူမှုရေးအန္တရာယ် ဆန်းစစ် ချက်များနှင့် လူ့အခွင့်အရေးများကို ဦးစားပေး ဆောင်ရွက်စေရန် ထောက်ပံ့ကူညီပါ။ ယင်းတွင် မြန်မာ့သစ်လုပ်ငန်း (MTE) ကြောင့် သော်လည်းကောင်း၊ MTEထံမှ ထပ်ဆင့် စာချုပ်ဖြင့် လုပ်ကိုင်သော ကုမ္ပဏီများ ကြောင့်သော်လည်းကောင်း ဆက်စပ်ဖြစ်ပေါ်နေသည့် အလုပ်သမားရေးရာ အခြေအနေများအပေါ် အန္တရာယ်ဆန်းစစ်ချက်လုပ်ဆောင်ခြင်း ပါဝင်သင့်ပါသည်။

- → တရားဝင်နှင့် တရားမဝင် သစ်တောကဏ္ဍနှစ်မျိုးလုံး၌ရှိ အလုပ်သမားရေးရာ အခြေအနေများကို စောင့်ကြည့်လေ့လာရန် မည်သည့်ဝန်ကြီးဌာနက တာဝန်ရှိသည်ကို ရှင်းရှင်းလင်းလင်း ဖြစ်စေပါ။ ထို့ပြင် ယင်းကဏ္ဍများ၌ အလုပ်သမားရေးရာဥပဒေ ချိုးဖောက်နေမှုများကို ဆန်းစစ်၊အကဲဖြတ်၊ ဖြေရှင်းရန် မည်သည့်စနစ်များ ထားရှိထားကြောင်းနားလည်အောင် ရှင်းပြရန် အကြံပြုပါသည်။
- → တရားမဝင်ကဏ္ဍရှိ အလုပ်သမားများနှင့် ရပ်ရွာလူထုများကို တရားဝင် သစ်တောကဏ္ဍသို့ ကူးပြောင်းလာအောင်နှင့် တရားဝင်သစ်တော ကဏ္ဍမှ အကျိုးကျေးဇူးများ ရယူချင်လာအောင် တိုက်တွန်းပေးသည့် မဟာဗျူဟာများ ချမှတ်၊လုပ်ဆောင်ရန် ထောက်ပံ့ကူညီပါ။
- → သင့်တင့်ကောင်းမွန်သော အလုပ်အခွင့်အလမ်းများ ဖန်တီးရေးနှင့် များပြားလှသော တရားမဝင်သစ်ထုတ်လုပ်သည့် အလုပ်သမားများကို ခိုင်းစေသည့် နေရာဒေသများ၌ အသိပညာလက်လှမ်းရရှိရေး တိုးတက်ကောင်းမွန်လာအောင် အားပေးလုပ်ဆောင်ရန် ရန်ပုံငွေသစ်အတွက် အရေးဆိုတင်ပြရန် အကြံပြုပါသည်။

## မြန်မာ့သစ်လုပ်ငန်း(MTE) နှင့် MTEထံမှ ထပ်ဆင့်စာချုပ်ဖြင့် လုပ်ကိုင်သော ကုမ္ပဏီများ ထံသို့ အကြံပြုချက်များ

- → အဓမ္မအလုပ်ခိုင်းစေမှု၊ လူကုန်ကူးမှု၊ ကလေးအလုပ်သမားနှင့် အခြားသော အလုပ်သမားရေးရာအခွင့်အရေးများ အလွဲသုံးစားပြုမှု စသည်တို့နှင့်သက်ဆိုင်သော ပြဋ္ဌာန်းချက်များ ပါဝင်သည့် လိုက်နာရမည့် ကျင့်ဝတ်စည်းမျဉ်းကို ရေးဆွဲဖော်ဆောင်ပါ။ ထို့ပြင် အဆိုပါ လိုက်နာရမည့် ကျင့်ဝတ်စည်းမျဉ်းထဲ၌ ယင်းကိစ္စရပ်များအား ဆန်းစစ်အကဲဖြတ်၊ ဖြေရှင်းရာတွင် လိုက်နာရမည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကိုလည်း ထည့်သွင်းပါ။
- → မည်သည့်နေရာ၌ သစ်ထုတ်လုပ်မှု ရှိနေသည်၊ အလုပ်သမားမည်မျှကို ခိုင်းထားသည် ဟူသော လူသိရှင်ကြား သိရှိသည့် သတင်းအချက်အလက်များနှင့် လုပ်ငန်းခွင်အခြေအနေများဆိုင်ရာ သတင်းအချက်အလက်များကို ဖြည့်ဆည်းပေးပါ။

## အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက် အကြံပြုချက်များ

- → တရားမဝင်ကဏ္ဍရှိ အလုပ်သမားများနှင့် ရပ်ရွာလူထုများကို တရားဝင် သစ်တောကဏ္ဍသို့ ကူးပြောင်းလာအောင်နှင့် တရားဝင်သစ်တောကဏ္ဍမှ အကျိုးကျေးဇူးများ ရယူချင်လာအောင် တိုက်တွန်းပေးသည့် မူဝါဒများကို အစိုးရဘက်မှ ချမှတ်လာအောင် အရေးဆိုတင်ပြပါ။
- → အဓမ္မခိုင်းစေမှုနှင့် မြန်မာ့အလုပ်သမား ရေးရာဥပဒေ လိုက်နာခြင်းတို့ကို သစ်တရားဝင်မှုအဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် အသိအမှတ်ပြုအစီအစဉ်များ၌ ထည့်သွင်းပေးရန်နှင့် တောင့်တင်း ခိုင်မာသော စောင့်ကြည့်လေ့လာသည့် စနစ်များကို ပြဋ္ဌာန်း၊ အကောင်အထည်ဖော် ဆောင်ရွက်လာအောင် အရေးဆိုတင်ပြပါ။


VERITÉ
Fair Labor. Worldwide.

- တရားဝင်သစ်ထုတ်လုပ်မှုကဏ္ဍရှိ မြန်မာ့သစ်လုပ်ငန်း (MTE) ကြောင့် သော်လည်းကောင်း၊ MTEထံမှ ထပ်ဆင့်စာချုပ်ဖြင့် လုပ်ကိုင်သော ကုမ္ပဏီများကြောင့် သော်လည်းကောင်း ဆက်စပ်ဖြစ်ပေါ်နေသည့် အလုပ်သမားရေးရာ အခြေအနေများနှင့် ပတ်သက်၍ သုတေသန ပြုလုပ်ဆောင်ရွက်ပါ။

## မြန်မာနိုင်ငံမှ သစ်နှင့် သစ်သားဖြင့် ပြုလုပ်ထားသော ထုတ်ကုန် ပစ္စည်းများ တင်သွင်းနေသော နိုင်ငံများအတွက် အကြံပြုချက်များ

- ကုမ္ပဏီများသည် တရားမဝင်သစ်ထုတ်လုပ်မှု၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ အဓမ္မခိုင်းစေမှု၊ လူကုန်ကူးမှုနှင့် ကလေးအလုပ်သမား အစရှိသည်တို့ကို ပံ့ပိုးဖြစ်ပေါ်စေသောနေရာမှ သစ်သားဝယ်ယူမှုများကို ကာကွယ်၊တားဆီးရန် ၎င်းတို့အနေဖြင့် အထူးဂရုစိုက်လုပ်ဆောင်ကြောင်း အမှန်တကယ် ဖွင့်ဟထုတ်ဖော်လာအောင် ဥရောပသမဂ္ဂဆိုင်ရာ တရားဝင် သစ်ထိန်းသိမ်းရေး စည်းမျဉ်း (EU)၊ အမေရိကန်၏ လေစီအက်ဥပဒေ (Lacey Act)၊ တရားမဝင်သစ် တားမြစ်ရေးအက်ဥပဒေ (ဩစတြေးလျ) ကဲ့သို့သော ဥပဒေပြဋ္ဌာန်းချက်ကို အတည်ပြုကိုင်စွဲပါ။ သစ်နှင့် သစ်သားအခြေပြု ထုတ်ကုန်ပစ္စည်းများကို ထိထိရောက်ရောက် ခန့်မှန်း၊အကဲဖြတ်ခြင်းကို သက်ဆိုင်ရာ ဥပဒေအား လေးစာလိုက်နာစေရန် ဆောင်ရွက်သင့်သည်။
- ကုမ္ပဏီများက အထူးဂရုစိုက် လုပ်ဆောင်ကြောင်းကို ပြသစေပြီး သစ်နှင့် သစ်သားဝယ်ယူမှုတို့နှင့် ဆက်စပ်ဖြစ်ပေါ်သော သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေး အန္တရာယ်များ လျှော့ချရေးကို အာမခံပေးသည့် ဥပဒေကို တရားမဝင် သစ်ထုတ်လုပ်မှုနှင့် သက်ဆိုင်သောဥပဒေမရှိသည့် နိုင်ငံများက ပြဋ္ဌာန်းသင့်သည်။


VERITÉ Fair Labor. Worldwide.

# နိဂုံး

အဓမ္မခိုင်းစေမှု၊ လုပ်အားခနှင့် အလုပ် လုပ်ချိန်ဆိုင်ရာ ချိုးဖောက်မှုများ၊ ကျန်းမာရေးနှင့်လုံခြုံမှုဆိုင်ရာ ချိုးဖောက်မှုများ၊ အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေမှုအပါအဝင် ကလေးအလုပ်သမား၊ သဘာဝပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးမှုနှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးနှင့် စားဝတ်နေရေး အန္တရာယ်များ အပါအဝင် ကချင်ပြည်နယ်၏ ငှက်ပျောစိုက်ပျိုးမှုကဏ္ဍနှင့်ဆက်စပ်ဖြစ်ပေါ်သော လူ့အခွင့်အရေးအန္တရာယ်နှင့် အလုပ်သမားရေးရာအန္တရာယ် များစွာကို Verité က ဖော်ထုတ်ခဲ့သည်။ ကျွန်းသစ်နှင့် ပရိဘောဂသုံးအပင်မျိုးများအား တရားမဝင် အသေးစားထုတ်လုပ်နေမှုနှင့် စပ်လျဉ်းဖြစ်ပေါ်သော အလုပ်သမားရေးရာ အန္တရာယ်များစွာကိုလည်း Verité ၏ကွင်းဆင်းသုတေသနက ဖော်ထုတ်ခဲ့သည်။ အရေးကြီးဆုံးမှာ၊ အဆိုးရွားဆုံးပုံစံဖြင့် ကလေးသူငယ်များအားခိုင်းစေမှု အပါအဝင်၊ ကလေးလုပ်သားခိုင်းစေမှုပမာဏ မြင့်မားကြောင်းကို သုတေသနက ဖော်ထုတ်ခဲ့သည်။ ထို့ပြင် တရားမဝင်သစ်ထုတ်လုပ်မှု၌ရှိ အလုပ်သမားများသည် ထိခိုက်ဒဏ်ရာရမှုနှုန်းမြင့်မားခြင်းနှင့် တစ်ခါတစ်ရံ သေဆုံးမှုနှုန်း မြင့်မားမှုတို့ကို ကြုံတွေ့ရကြောင်း အလုပ်သမားများ၏ အင်တာဗျူးက ညွှန်းပြခဲ့သည်။ သို့သော် ၎င်းအလုပ်သမားတို့ လုပ်ကိုင်ရသည့် အလုပ်၏ တရားမဝင်သော သဘောသဘာဝကြောင့် အလုပ်သမားများနှင့် ၎င်းတို့မိသားစုဝင်များအနေနဲ့ အကူအညီလှမ်းတောင်းစရာ လမ်းကြောင်း အနည်းငယ်သာ ရှိနေသည်။

အဓမ္မခိုင်းစေမှု၊ လူကုန်ကူးမှုနှင့် ကလေးလုပ်သား စသည်တို့အပါအဝင် အလုပ်သမားရေးရာနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများသည် ထုတ်လုပ်ဖြန့်ဖြူးရေးကွင်းဆက်၌ နက်ရှိုင်းစွာ ဆက်လက်ဖြစ်ပေါ်နေပြီး လူမှုရေးအရ လေးစာလိုက်နာရေးနှင့် အစိုးရ၏ဥပဒေလိုက်နာစေရေး စီမံကိန်းများထံမှပင် ဖုံးကွယ်နေသောကြောင့် အဆိုပါ အန္တရာယ်များကို ဖြေရှင်းရန် အခက်တွေ့စေလေသည်။ ယခု ဖော်ပြပါဖြစ်ရပ်လေ့လာချက်နှစ်မျိုးလုံးမှ တွေ့ရှိချက်များသည် သုတေသန ဆက်လက် လုပ်ဆောင် ရမည့် အကြောင်းကို ခိုင်လုံစေပြီး မြန်မာအစိုးရ၊ စီးပွားရေးလုပ်ငန်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ အရေးတကြီး စီမံလုပ်ဆောင်ရန်အရေးကြီးသည်။

A PREVIOUSLY FORESTED HILLSIDE IN UPPER BURMA, NOW BARREN DUE TO DEFORESTATION



# Endnotes

1 *Global Forest Resources Assessment 2015*: *How are the world's forest changing?* Food and Agriculture Organization, 2015. http://www.fao.org/3/a-i4793e.pdf. Accessed 11 November 2019.

2 See for example: *The Rise of Environmental Crime*. UNEP and Interpol, 2016. http://unep.org/documents/itw/environmental_crimes.pdf; Mujica, Jaris. *Precariedad y Trabajo Forzoso en la Extracción de Madera*. ILO and Ministerio de Trabajo y Promoción del Empleo, 2015. http://www.ilo.org/wcmsp5/groups/public/---americas/---ro-lima/documents/publication/wcms_427032.pdf; *The Intersection Between Environmental Degradation and Human Trafficking. U.S. Department of State*, June 2014. https://2009-2017.state.gov/documents/organization/228266.pdf; and *The Nexus of Illegal Gold Mining and Human Trafficking in Global Supply Chains*. Verité, 2016. https://www.verite.org/wp-content/uploads/2016/11/Verite-Report-Illegal_Gold_Mining-2.pdf. Accessed 25 Feb 2020.

3 "Annex II: The definition of trafficking in persons and mandate for the Global Report." United Nations Office on Drugs and Crime (UNODC), 2016. https://www.unodc.org/documents/data-and-analysis/glotip/Annex_II_-_Definition_and_mandate.pdf. Accessed 20 Feb 2020.

4 "CO29- Forced Labour Convention, 1930 (No. 29)." *NORMLEX, International Labour Organization* (ILO), 1930. https://www.ilo.org/dyn/normlex/en/f?p=NORMLEXPUB:12100:0::NO::P12100_ILO_CODE:C029. Accessed 20 Feb 2020.

5 *Guidelines Concerning the Measurement of Forced Labour*. International Labour Office, Department of Statistics. 20th International Conference of Labour Statisticians, Geneva, Oct 2018. https://www.ilo.org/wcmsp5/groups/public/---dgreports/-stat/documents/meetingdocument/wcms_648619.pdf. Accessed 25 Feb 2020.

6 *Hard to See, Harder to Count- Survey guidelines to estimate forced labour of adults and children*. International Labour Organization, 1 Jun 2012. http://ilo.org/global/topics/forced-labour/publications/WCMS_182096/lang--en/index.htm Accessed 25 Feb 2020.

7 Using a conservative estimate of each permanent worker being responsible for six acres (based on Verité interviews with workers), combined with minimum estimates by the government of 60,000 acres and maximum estimates from LSECNG of 142,000 acres, the number of permanent workers could fall between 10,000 and 23,666. However, this number does not include the thousands and day laborers and seasonal workers who have been reported to work on banana plantations in differing parts of the year. These estimates have not been validated but do begin to illustrate to volume of workers potentially laboring on these plantations.

8 According to the Minimum Wage Law (2013) Notification No. 2/2018, for businesses which employ ten or more employees, the daily minimum wage is MMK 4,800 (USD 3.33) per day. According to the Burma minimum wage of MMK 4,800 per day, even the highest monthly allowance (noted by workers) of MMK 105,000 (USD 72.83) does not meet the national minimum wage. Additionally, the Payment of Wages Law (2016) stipulates that the period of time for receiving a paycheck shall not exceed one month. Therefore, all permanent workers should, at a minimum, receive the equivalent of MMK 4,800 per days worked after each month in order to be compliant Burma labor law. None of the workers interviewed by Verité met this criterion.

9 According to the interviews with permanent workers, 10 of 13 workers reported to paying 100 percent of the costs associated with pesticides and herbicides. Two workers reported that the costs for pesticides and herbicides were shared between them and the management at 50 percent each. In every case, the pesticides and herbicides were purchased by the Chinese employer, and workers were unaware of their actual cost and had to accept the rate the employer charged. One interviewee noted that they were aware that a bottle of herbicide cost around MMK 4,500 (USD 3.12) but

Chinese employers deducted MMK 6,500 (USD 4.51) per bottle. Only one worker reported that the management bared all of the costs of pesticide and herbicide use costs.

10 The typical daily rate for a day laborer is approximately MMK 5000 – 12000 (USD 3.47 – 8.32).

11 According to Burma's Leave and Holidays Act (1951), each employee is entitled to one paid rest day per week.

12 Jenssen, Thale Solnordal. "Half a million identities." *Relief Web*, 8 Jun 2017. https://reliefweb.int/report/myanmar/half-million-identities. Accessed 20 Feb 2020.

13 The translator interviewed by Verité did not perform manual labor.

14 Under the Pesticides Law (2016), children 16 and under are forbidden from handling pesticides

15 *R190- Worst Forms of Child Labour Recommendation*, 1999 (No.190). NORMLEX, ILO, 1999. https://www.ilo.org/dyn/normlex/en/f?p=NORMLEXPUB:12100:0::NO::P12100_ILO_CODE:R190. Accessed 25 Feb 2020.

16 Nan Lwin. "Infographic: China's Plantation Greed." *The Irrawaddy*. 8 Mar 2019.

17 Bhagwat, Tejas, and Andrea Hess, Ned Horning, Thiri Khaing, Zaw Min Thein, et al. "Losing a jewel—Rapid declines in Myanmar's intact forests from 2002-2014." *PLOS One*, 12(5): e0176364, 2017.

18 Win, Thin Lei. "FEATURE: Conflict and powerful companies stoke land disputes in Myanmar's Kachin." *Reuters*, 23 Feb 2016. https://www.reuters.com/article/myanmar-land/feature-conflict-and-powerful-companies-stoke-land-disputes-in-myanmars-kachin-idUSL8N1622WY; Khaing, Htun. "Kachin IDPs fear land grab in the villages they once called home." Frontier Myanmar, 19 Jan 2018.

https://frontiermyanmar.net/en/kachin-idps-fear-land-grabs-in-the-villages-they-once-called-home.; Win, Thin Lei. "Land grabs rampant in conflict-ridden Kachin State." Relief Web, 23 Feb 2016.

https://reliefweb.int/report/myanmar/land-grabs-rampant-conflict-ridden-kachin-state. Accessed 25 Feb 2020.

19 Land Security and Environmental Conservation Networking Group (LSECNG). *Green Business Dilemma*. 2019. Myitkyina, Kachin State, Myanmar. Report on file with Verité.

20 Focus Discussion Group. November 2019. Waingmaw.

21 Jangma, Elizabeth. "Five From China Charged Over Illegal Banana Plantation in Myanmar Protected Forest." Radio Free Asia, 20 May 2019. https://www.rfa.org/english/news/myanmar/five-from-china-charged-over-illegal-banana-plantation-05202019162743.html. Accessed 20 Feb 2020.

22 The incident was never reported by media outlets and could not be corroborated by other interviews conducted by Verité

23 Fishbein, Emily. "'All the fish died': Kachin communities alarmed at impact of banana plantations." *Frontier Myanmar*, 22 Mar 2019. https://frontiermyanmar.net/en/all-the-fish-died-kachin-communities-alarmed-at-impact-of-banana-plantations. Accessed 25 Feb 2020.

24 Fishbein, Emily. "'All the fish died': Kachin communities alarmed at impact of banana plantations." *Frontier Myanmar*, 22 Mar 2019. https://frontiermyanmar.net/en/all-the-fish-died-kachin-communities-alarmed-at-impact-of-banana-plantations. Accessed 25 Feb 2020.

25 *The 2014 Myanmar Population and Housing Census: Waingmaw Township Report*. The Republic of the Union of Myanmar, Ministry of Labour, Immigration and Population, Department

of Population, Oct 2017. https://themimu.info/sites/themimu.info/files/documents/TspProfiles_Census_Waingmaw_2014_ENG.pdf. Accessed 27 Sep 2019.

26 Nyein, Nyein. “Chinese-Backed Banana Plantations in Myanmar’s Kachin State Prompt Fear of Environmental Damage, Land Loss.” *The Irrawaddy*, 4 Dec 2019. https://www.irrawaddy.com/features/chinese-backed-banana-plantations-myanmars-kachin-state-prompt-fear-environmental-damage-land-loss.html. Accessed 25 Feb 2020.

27 Springate-Baginski et al. “Working together for a better Kachin landscape.” *The Water Security Research Centre, School of International Development, University of East Anglia*, Dec 2016. https://wle-mekong.cgiar.org/wp-content/uploads/Working-Together-Kachin-summary-paper.pdf. Accessed 25 Sep 2019.

28 Interviews with Kachin-based civil society representatives. November 2019. Myitkyina (2) and Waingmaw (1).

Focus Discussion Group. November 2019. Waingmaw.

29 Interviews with Kachin-based civil society representatives. November 2019. Myitkyina (2) and Waingmaw (1).

30 Email communications with Kachin-based civil society organization. February 2020.

31 Nachemson, Andrew and Lun Min Mang, Thomas Kean. “Government greenlights new gas project.” *Frontier Myanmar*, 17 Dec 2019. https://mailchi.mp/frontiermyanmar.net/government-greenlights-new-gas-project?e=d9fb76c585 Accessed 25 Feb 2020.

32 “Lao Government Vows to Enforce Ban on Concessions for New Banana Plantations.” *Radio Free Asia*, 14 May 2019.https://www.rfa.org/english/news/laos/bananas-05142019145031.html Accessed 25 Feb 2020.

33 The following list of relevant labor laws is specific to the agricultural sector and violations identified by Verité in the present case study. For a comprehensive list of labor laws, see the International Labor Organization’s (ILO) Guide to Myanmar Labor Law (2017)

34 McPherson, Poppy. “Chainsaw injuries in Myanmar tied to illegal logging.” Mongabay Series: Global Forests, Mekong Forest Trade. 12 Feb 2017. https://news.mongabay.com/2017/02/chain-saw-injuries-in-myanmar-tied-to-illegal-logging/. Accessed 28 Jan 2020.

Wang, Anna and Genevieve Melmaker. “A fight to control chainsaws in Myanmar could turn tide on illegal logging.” Mongabay Series: Global Forests, Mekong Forest Trade, 4 May 2017. https://news.mongabay.com/2017/05/a-fight-to-control-chainsaws-in-myanmar-could-turn-the-tide-on-illegal-logging/. Accessed 28 Jan 2020.

35 McPherson, Poppy. “Chainsaw injuries in Myanmar tied to illegal logging.” *Mongabay Series: Global Forests, Mekong Forest Trade*, 12 Feb 2017. https://news.mongabay.com/2017/02/chain-saw-injuries-in-myanmar-tied-to-illegal-logging/. Accessed 28 Jan 2020.

Wang, Anna and Genevieve Melmaker. “A fight to control chainsaws in Myanmar could turn tide on illegal logging.” *Mongabay Series: Global Forests, Mekong Forest Trade*, 4 May 2017. https://news.mongabay.com/2017/05/a-fight-to-control-chainsaws-in-myanmar-could-turn-the-tide-on-illegal-logging/. Accessed 28 Jan 2020.

Freudenthal, Emmanual. “Burning down the house: Myanmar’s destructive charcoal trade.” *Mongabay Series: Global Forests, Mekong Forest Trade*, 26 Oct 2017. https://news.mongabay.com/2017/10/burning-down-the-house-myanmars-destructive-charcoal-trade/. Accessed 28 Jan 2020.

36 Interview with Forest Governance Expert. November 2018. Yangon.

37 *EITI Report for the Period April 2015-March 2016 (Final)*. Myanmar Extractive Industries Transparency Initiative (MEITI), 2019, P. 30.

38 Although the 2014 Burma government census reveal 54.2 percent of all employment in Burma is the "agriculture, forestry, and fishing sectors", this information is not further disaggregated to reveal information specific to the forestry sector. Similarly, the 2019 EITI report reveals approximately 886,000 workers employed in the forestry sector, but does not disaggregate data based on gender, age, ethnic group, or state/region of origin

39 *R190- Worst Forms of Child Labour Recommendation, 1999 (No.190)*. NORMLEX, ILO, 1999. https://www.ilo.org/dyn/normlex/en/f?p=NORMLEXPUB:12100:0::NO::P12100_ILO_CODE:R190. Accessed 25 Feb 2020.

40 Interviews with environmental activists from Katha, Kawlin, and Htigyaing Townships. November 2018. Interview Location: Htigyaing and Katha.

41 Interviews with environmental activists from Katha, Kawlin, and Htigyaing Townships. November 2018. Interview Location: Htigyaing and Katha.

42 nterviews with environmental activists from Katha, Kawlin, and Htigyaing Townships. November 2018. Interview Location: Htigyaing and Katha.

43 *Myanmar Forest Sector Legality Study*. NEPCon, Sep 2013. https://www.nepcon.org/library/report/myanmar-forest-legality-study. Accessed 25 Feb 2020.

## Attributions

Cover photo, pp. 8, 11, 16, 17: © Hkun Li

p. 27: ©shutterstock.com/ronemmons

p. 29: ©https://www.shutterstock.com/g/Wandel+Guides

p. 33: © Jose Matheus

The photos included in this report are used solely to illustrate the locations and situations in which labor, social and environmental conditions are being discussed. Any human subjects shown in the photos do not represent any specific person or group of people referenced in the text.